

# မြနှောင်းညို

နဂါးငွေ့တန်းနေနိုးလကမ္ဘာမှာ

# အခန်း (၁)

သံဇကာကွက်ကာဆီးလျက် ငွေသွင်းရန်ဟူသော ဆိုင်းဘုတ်ချိတ်ဆွဲထားသည့် ကောင်တာ ရှေ့တွင် ကြီးကြီးငယ်ငယ် ထည်ထည်နုံနုံလူစုံလှစွာ တန်းစီစောင့်ဆိုင်းနေကြသည်မှာ အရေးပေါ်ဌာန၊ ဘဏ္ဍာရေးဌာနတို့၏ တံခါးဝမှပင် မဝင်ထွက်သာအောင် ပိတ်ဆို့ရှည်လျားလျက်ရှိချေ၏ ။ လူလေးငါး ဆယ်ထက်မနည်းဘဲ ဖွဲ့နပဲကြီးစွာ တန်းစီနေရခြင်း ကားသည် ဌာနတွင် လုပ်သက် နှစ်ပေါင်း သုံးဆယ် ကျော်ခဲ့ပြီဖြစ်ရကား သည်လုပ်ငန်းခွင်သမိုင်းကြောင်းကိုတော့ သိချင်လျှင် သူ့ကိုသာမေးပေရော့။

ထွေးမောင်မောင်သည် ရုံးရှေ့တစ်လံနှစ်လံ လျှောက်သွားကာ လမ်းတစ်ဘက်ထောင့်ဆီမှ ရွှေအိမ်စည်လက်ဖက်ရည်ဆိုင်ဆီသို့ ရည်မှန်းလက်ခေါက်မှုတ်သည်။

စွပ်ကျယ်လက်တိုပွဲရောင်းရောင်း ညစ်ထပ်ထပ်သည် ပေါင်လယ်လောက်ရောက်နေသဖြင့် ကာတွန်းတင်အောင်နီ၏ ပြာဂလောင်ပြာလချောင်တို့နှင့်ပင် တူနေသေးသော ဆယ့်နှစ်နှစ်သားအရွယ် ဆိုနီကလေးသည် ထွေးမောင်မောင်၏ အချက်ပြလက်ခေါက်မှုတ်သံကြောင့် ဆိုင်နောက်ဖေးတွင် ပန်းကန်ဆေးနေရာမှ ရုတ်ခြည်းခေါင်းထောင်ကြည့်သည်။

'ဂမ်းတီး..ချိုပေ့ါ'

ထွေးမောင်မောင် ရုံးထဲပြန်ဝင်လာသည်။ ဆင်နားရွက်တံခါးကို တွန်းဖွင့်ပြီး ဦးထွန်းတောက်၏ ရုံးခန်းထဲ ဝင်ခဲ့၏ ။

သူ့ဆရာကား ဦးစံကဲ ထေ့လိုက်သလိုပင် မပြောင်းမလဲလူတွေ ဝိုင်းလည်မြဲပါပဲ။

ဒု လက်ထောက်အင်ဂျင်နီယာ ဦးသော်က၏ စားပွဲရှေ့တွင် ထိုင်နေသော

အသားညိုညို ပိန်ရှည်ရှည်နှင့် မီးခိုးပြာယူနီဖောင်းရှင်သည်
ဦးထွန်းတောက်တစ်ယောက် ခေါင်းမဖော်နိုင်အောင် အလုပ်ရှုပ်နေသည်ကို
ကြည့်လိုက်။ လက်ပတ်နာရီကြည့်လိုက်နှင့် ဖင်တကြွကြွ ဖြစ်နေသည်။
ဦးသော်ကကား စားပွဲရှေ့တွင်ရှိမနေဘဲ မြေအောက်ကြိုး ချွတ်ယွင်းသည့်နေရာ
ရှာဖွေရန် လိုက်သွား ဆဲဖြစ်လေ၏ ။

‘အောင်မင်းရေ ထိုင်ဦးကွာ။ ငါ လက်ဖက်ရည်မှာခိုင်းထားတယ်’

မီးခိုးပြာ ဝတ်စုံရှင်ဦးအောင်မင်းက မျက်နှာရှုံ့တွကာ

‘ငါ လက်ဖက်ရည်သောက်ဖို့ လာတာမဟုတ်ဘူး သူငယ်ချင်း’ဟု ခနိုးခနဲ့
ဆို၏ ။

ဦးစံကဲဝင်လာကာ ဂုန်လျှော်စက်ရုံမှ အကြောင်းကြားချက်ကို
သတင်းပို့၍

‘ဆရာ ဦးသော်ကတို့ သွားလိုက်ပါပြီလို့ အကြောင်းပြန်ထားတယ် ဆရာ’

ဦးထွန်းတောက်က..

‘မင်းတို့ စက်ရုံတွေက ပြဿနာကိုတက်တယ်’ဟု ဦးအောင်မင်းကို
ကျီစယ်နေသည်။

သူနှင့်ဦးအောင်မင်းမှာ လုပ်ငန်းခွင်ရောက်မှ တွေ့ဆုံဆက်ဆံရသူတွေ
မဟုတ်ကြဘဲ စက်မှုတက္ကသိုလ်တွင် တစ်ခန်းတည်းအတူနေလာခဲ့သူများဖြစ်ကြ၏ ။
ကျောင်းပြီးကတည်းက သီးခြားကွဲကွာ နေခဲ့ကြရာ ယခုတော့ သည်မြို့နယ်မှာ
ပြန်လည်ဆုံဆည်းကြရသည်။

‘ခင်ဗျားတို့ရပ်ကွက် မီးလျှောက်ထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး
ကျွန်တော်တို့ဆီက အကြောင်းပြန် ပြီးပြီလေဗျာ၊
လျှပ်စစ်ဥပဒေစည်းမျဉ်းလုပ်ထုံးလုပ်နည်းအရ ကျူးကျော်ရပ်ကွက်ကို

မီးသွယ်မပေးရပါဘူး။ ဒါ ရှင်းနေပြီပဲ ဘာများ မရှင်းတာရှိသေးလို့လဲ’

ထွေးမောင်မောင်သည်လည်းကောင်း၊ ဦးအောင်မင်းသည်လည်းကောင်း။ ဦးထွန်းတောက် အပေါ် အားမလိုအားမရဖြစ်မိကြသည်။ ဒါ ရှင်းနေပြီဆိုလျှင် သူ့စကားပြတ်ရတော့မှာ အဘယ်ကြောင့် ဘာမရှင်းသေးသလဲ ဆက်မေးနေရမှာလဲ။

စစ်ဦးထုပ်ဟောင်းတစ်လုံးကို ဦးထွန်းတောက်၏ စားပွဲပေါ်တွင် တင်ထားကာ လက်ထဲမှ ဖိုင်တွဲ ကို ဖွင့်နေသော အမျိုးသားကြီးသည် သွက်လက်လှုပ်ရှားလာသည်။ သူသည် ပင်နီတိုက်ပုံကို သပ်ရပ် စွာ ဝတ်ဆင်ထားကာ ရှမ်းလွယ်အိတ်တစ်လုံးလွယ်ထားလျက် သူ့ကိုယ်သူ စိတ်ချယုံကြည်ဟန် အပြည့်ဖမ်းနေသည်။ သူက ဦးထွန်းတောက်ရှေ့သို့ လျှောက်လွှာစာတစ်ရွက် ချပေးလိုက်လေ၏ ။

‘ပြန်တော့မယ်ကွာ၊ ကိုယ့်အလှည့်တော်တော်နဲ့ ရောက်မယ့်ပုံမပေါ်ပါဘူး’

ဦးအောင်မင်း နေရာမှအထ တံခါးအပြင်မှ

‘လက်ဖက်ရည်အစ်ကို’ဟူသော ဆိုနီ့အသံ ပေါ်လာလေသည်။

‘ဆရာ ထိုင်ပါဦးဆရာရယ်၊ လက်ဖက်ရည်သောက်လိုက်ပါဦး’ဟု ထွေးမောင်မောင်က ဦးအောင်မင်းကိုလည်း တား၊ လက်ဖက်ရည်လည်း ထွက်ယူသည်။

‘နေပါဦးကွ၊ ဆယ်မိနစ်ဆို အားလုံးပြတ်ပါပြီ။ ငါလဲ အစည်းအဝေးသွားရမှာပါ။ မင်းကို မင်း စက်ရုံမှာ ဝင်ထားခဲ့ပေးမှာပေါ့။ မင်းတို့စက်ရုံတွေ စွတ်ကန်မြောင်းဖော်တွင်းတူးတော့ မြေအောက်လိုင်း ပေါက်ရတဲ့ကိစ္စနဲ့ သွားရမှာကွ’

ဦးထွန်းတောက်၏ အနှောင့်အသွားမလွတ်သောစကားကြောင့် ဦးအောင်မင်းစွေစောင်းကြည့် ၏။

'ငါ့မှာလည်း ကားပါပါတယ် သူငယ်ချင်း၊ ဒီနေရောက်နေတာ နာရီဝက်မကတော့ဘူး။ ငါတို့ စက်ရုံလုပ်ငန်းတိုးချဲ့တဲ့အတွက် ပါဝါတိုးလျှောက်ထားတဲ့ကိစ္စ အခြေအနေ ဘယ်လိုလဲ။ အဲဒါသာ ပြောလိုက်တော့ကွာ'

'တိုင်း ပို့ထားတာ ပြန်ကျမလာသေးဘူးလေကွာ ရတော့ ရမှာပေ့ါ၊ နေဦး ငါတို့တိုင်းပို့ထားတဲ့ စာအမှတ်...'

ဦးထွန်းတောက်သည် သူ့စားပွဲပေါ်ပုံနေသော ဖိုင်တွဲများကို လှန်လှောဘေးဖယ်ကာ စက်ရုံ အရာရှိနှင့်သက်ဆိုင်သောဖိုင်တွဲကို ရှာဖွေနေပြန်၏။

ထွေးမောင်မောင် မနေသာဘဲ သူ့ဆရာလိုချင်သောဖိုင်တွဲကို ဝိုင်းဝန်းရှာဖွေပေးရသည်။

ပင်နီတိုက်ပုံရှင်မှာ ဆန့်တငင်ငင် စောင့်ဆိုင်းနေရပြန်လေသည်။ သူ့နံဘေးထိုင်ခုံမှ ဖြူဖြူဂဂ အဒေါ်ကြီးမှာမူကား သူမအလှည့် ဘယ်အခါ ရောက်လေမလဲ၊ မျှော်တလင့်လင့်၊ အဒေါ်ကြီးထိုင်နေ သည့် နောက်မှကပ်ပြီး ရပ်စောင့်နေသော ပဥ္စင်းပျိုသည် ညောင်းညာလာဟန်ခြေတစ်ဖက်ပြောင်းနေရလေ၏။

အခြား ဝိုင်းအုံရပ်စောင့်နေသူနှစ်ယောက်မှာလည်း ရှိမဲ့စုထိုင်ခုံနှစ်ခု ဘယ်အခါ လစ်လပ်ပါ့မလဲ စောင့်မျှော်နေရလေ၏။

'ငါတို့ လျှောက်လွှာစာအမှတ်တွေ့တော့ ဘာထူးမှာတုန်း ထွန်းတောက်ရ'

'တိုင်းရုံးကို မင်းဘာသာ ဆက်လိုက်နိုင်တာပေ့ါ'

‘တော်တော်၊ တစ်နေ့တစ်နေ့ ငါ့အလုပ်နဲ့ငါ ဂလချီးလည်နေရတဲ့အထဲ ပြန်မယ်ကွာ’

ဦးအောင်မင်းသည် လက်ဖက်ရည်ကို တစ်ကျိုက်တည်း မော့ပစ်လိုက်ကာ လက်မှာ သေတ္တာချနက်ဆွဲ၍ ခြေလှမ်းကျဲကျဲနှင့် ထွက်ခွာသည်။

‘ဒီတနင်္ဂနွေ အားမလား ကိုယ့်လူ၊ လာခေါ်မယ်’

‘လာ…လာ ပြန်သေးကွာ၊ အလျင်အပတ်က မိန်းမကို ငါ့အတွက် ထည့်မချက်နဲ့ မှာထားပြီး မင်းကို မျှော်မိတာ ဘဲဥကြော်နဲ့ မိပါရောလား၊ ငါ့မှာ ကြောက်စရာ ဟုမ်းမင်နှစ်စတာရှိတယ်ကွ၊ မင်းလို ငှက်ပျောတုံးဖက်သေရမယ့်ကောင် မှတ်လို့လား’

‘တိုင်းမှူး လှမ်းခေါ်လို့ လိုက်သွားရလို့ပါကွာ’

ဦးထွန်းတောက် တသောသောရယ်မော ကျန်ရစ်သည်။ သူကား အသားဖြူဖြူဝင်းဝင်း၊ အရပ် မနိမ့်မမြင့်၊ လေသံခပ်ပြတ်ပြတ်၊ အသက်သုံးဆယ်ကျော်မျှနှင့် စောစီးစွာနေဖူးပြောင်ချင်သည်။ သူ့ မျက်ခုံးများကတော့ ထူထဲမှောင်ပိန်းသောကြောင့် သူ့ရုပ်ရည်သည် သိပ်ရင့်ရော်သွားခြင်းမရှိပေ။ ရှပ်လက်တိုအပြာနုနှင့် ချည်ချောပုဆိုးအကွက်ကျဲဝတ်ကာ ရာဘာဖိနပ်စီးလျက် သူ့ထိုင်ခုံနောက်မှီမှာ တော့ မြင်းချေးရောင်တက်ထရက်တိုက်ပုံတစ်ထည် ချိတ်ထားလေသည်။

ပင်နီတိုက်ပုံရှင်သည် ထွေးမောင်မောင်ပြန်လည်ကောက်ယူသိမ်းဆည်းလိုက်သော ဖိုင်တွဲ အောက်မှ သူ့လျှောက်လွှာကို ဦးထွန်းတောက်မြင်သာအောင် အနည်းငယ်တွန်းရွှေ့သည်။

သို့သော် ဦးထွန်းတောက်၏ လက်များက သူ့ရှေ့တည့်တည့်တွင်ထိုင်နေသော အဒေါ်ကြီးလှမ်း ပေးသည့်စာရွက်ကို လှမ်းယူလိုက်လေသည်။ အဒေါ်ကြီးမျက်နှာဝင်းပသွားသည်နှင့်အမျှ ဦးပင်နီ

မျက်နှာမှာ ပုန်းရည်ကြီးသုတ်လိုက်သည့်နှယ် ညိုမှောင်သွားတော့၏ ။

‘အမေက ဘာကိစ္စတုံးဗျ’

‘အိမ်သုံးမီတာ ပြန်လျှောက်တာပါ မန်နေဂျာကြီးရယ်’

ဦးထွန်းတောက်သည် သူ့လက်ထဲမှ လျှောက်လွှာကိုစေ့စေ့စပ်စပ်ဖတ်ရှုနေသည်။

နံဘေးမှ ထွေးမောင်မောင်က ‘ပြန်ဖြုတ်သိမ်းထားတဲ့ မီတာကို ပြန်လိုချင်နေတာ ဆရာ၊ အဲဒီ မီတာရဲ့ပိုင်ရှင်နာမည်နဲ့ လိပ်စာက တခြား၊ ဒီအဒေါ်ရဲ့နာမည်နဲ့လိပ်စာက တခြား၊ ဒါကြောင့် ပြန်ဖြုတ်သိမ်းလိုက်တာလေ ဆရာ’

သည်တော့မှ ဦးထွန်းတောက် သတိရသွားသည်။

‘သိမ်းသွားတဲ့မီတာကို ပြန်လျှောက်လို့မရတော့ဘူး အမေ။ အဲဒီ မီတာဟာ အမေ့အိမ်သုံး အတွက် ချပေးထားတာမှ မဟုတ်ဘဲ’

‘သူတို့ရောင်းလို့ ဝယ်ထားလိုက်တာပဲ မန်နေဂျာကြီး’

‘အဲဒီ လို လက်လွှဲရောင်းချခွင့်မရှိဘူး။ အိမ်တစ်အိမ်ကို မီတာချထားပေးရင် ပိုင်ရှင်ပြောင်းရွှေ့ သွားတဲ့အခါ နောက်လူက မီတာဆက်သုံးချင်ရင် နာမည်လွှဲပြောင်းပေးဖို့ လျှောက်ထားရမယ်။ မီးမလို ချင်ဘူးဆိုရင် ကျွန်တော်တို့ဆီ ပြန်အပ်ရမယ်။’

အဒေါ်ကြီးကား မြို့သူနှင့်မတူဘဲ ရိုးသားနုံအလုပ်ဟန်ရှိပြီး ဦးထွန်းတောက် ရှင်းပြသည်ကို နားလည်လက်ခံလေသလားတော့ မသိ၊ အငေးသား နားထောင်နေသည်။

ဦးပဋ္ဌင်းကတော့ ချောင်းတစ်ချက်ဟန့်ကာ

‘ဒီလိုရှိပါတယ် မန်နေဂျာကြီး၊ ကျုပ်ကလည်း သာသနာ့ဘောင်မှာမို့ ကျုပ်မယ်တော်ဟာ အဖော်ကလည်းမရှိ၊ ညတိုင်း မီးမရှိဘဲ

တစ်ယောက်တည်းဖြစ်နေပါတယ်။ လူမှုရေးရှုထောင့်ကနေ စဉ်းစားစေချင်လို့ပါ’ဟု စာဒကတက်သည်။

‘ဦးပဋ္ဌင်း သက်န်းစီးတာ ဘယ်လောက်ကြပါပြီလဲ’

ဦးပဋ္ဌင်း အဖြေဆိုင်းတုံ့သွားသည်။

ရိုးသားသော ဦးပဋ္ဌင်းမယ်တော်ကတော့.. ‘ငါးရက်ရှိပါပြီ။ ဒုလ္လဘမဲပေါက်လို့ ကြုံတောင့်ကြုံခဲ ဆိုပြီး သက်န်းစီးဖြစ်တာပါပဲ’ဟု အဖြေပေးနေသည်။

‘ကျွန်တော် အကြံပေးမယ် အမေ၊ ဦးပဋ္ဌင်းကလည်း တပည့်တော် ပြောသလို ဆောင်ရွက်ပေး လိုက်ပါ။ ဒီမီတာကိုတော့ လျှောက်မနေနဲ့တော့ ပြန်မရဘူး။ ခုနက ပြောတဲ့အကြောင်းပြချက်တွေနဲ့ လျှောက်လွှာအသစ်တင်လိုက်ပေတော့’

‘ရဖို့ ဘယ်လောက်ကြာမလဲ ဒကာမကြီး’

‘လျှောက်ထားတာ အများကြီးပဲကိုယ်တော်၊ စီရီယာအတိုင်း သွားရမှာပဲ။ ချပေးတဲ့မီတာ အရေ အတွက်အပေါ် မူတည်ပြီး အချိန်အနေးအမြန်ရှိမှာပဲ ခင်ဗျ၊ အဲ.. ဘုရား’

ဦးထွန်းတောက်သည် ပင်နီတိုက်ပုံဆီ မျက်လုံးရောက်သွားပြန်သည်။

‘ခုနက ဦး ပြောနေတဲ့ကိစ္စက သြော်.. ဟုတ်ပြီ၊ ကျူးကျော်ရပ်ကွက်ဖြစ်နေတဲ့အတွက် မီးမပေး ပါဘူး။ ဒါဆို ပြီးပြတ်ပြီပဲ’

‘ကျွန်တော်တို့ထပ်ပြီး အယူခံလွှာတင်ထားပါတယ်၊ မြို့နယ်က ထောက်ခံချက်လဲ ပါပါတယ်’ဟု လက်ညှိုးညွှန်သည်။

ဦးထွန်းတောက်သည် ယခုမှ သူ့ရှေ့ရှိ စာရွက်ကို ဖတ်ရှုဖြစ်သည်။

‘ကျူးကျော်ရပ်ကွက်ဖြစ်ပါသည်။ မီးပေးလျှင်ကန့်ကွက်ရန် မရှိပါ။

အင်း.. သူ့ဘက်က မကန့်ကွက်လဲ ဖြစ်တာကိုး။ တခြားရပ်ကွက်တွေက မီးအားမပြည့်လို့ ပူညံပူညံလုပ်ရင်သာ ဥပဒေနဲ့ မညီတဲ့လုပ်ရပ်အတွက် ကျွန်တော့်ဘာသာ ဖြေရှင်းရတော့မှာ’

ဦးထွန်းတောက်၏ နှာခေါင်းထဲသို့ ထုံလှိုင်သင်းပျံ့သော ရနံ့တစ်မျိုး တိုးဝင်လာသည်။ ရှေ့နယ် နံ့ပါတ် ငါး။ ဟုတ်သည်။ မေမီသုံးလေ့ရှိသော။ မေမေလည်း နှစ်ခြိုက်တမ်းတလေ့ရှိသော ရေမွှေးရနံ့။

သူ့ခေါင်းမော့ကြည့်မိသည်။

မြင်တွေ့လိုက်ရသော အလှသည် ထိုခဏမှာတော့ သူ့အာရုံကို တွယ်ငြိဆွဲဆောင်နိုင်စွမ်းပေသည်။

မိန်းမလှကလေးသည် မြန်မာတိုင်းရင်းသားစစ်စစ် ဟုတ်ဟန်မတူ။ အသားအရေသည် နို့နှစ် သဖွယ်ဖြူညက်၏ ။ နက်မှောင်သန်စွမ်းလျက်၊ နဖူးစတွင် ရစ်နွယ်ဝေ့ဝဲကျသော လက်ယာဘက်ပခုံးစတွင် ဖဲပြားပွင့်နှင့်စုသိမ်းရစ်ချည်ထားသည့် ဆံပင်များသည် ရင်ညွန့်ဝယ် တထွာသာသာ လိပ်ခွေနေ၏ ။

သူမ ဝတ်ဆင်ထားသော အကျႌနှင့်ထဘီသည် ခရမ်းပြာရောင်ပိုအိသားဖြစ်လျက် ကိုယ်မှာ ချပ်ရပ်တင်းရင်းစွာ ရစ်ပတ်ထားသည်။ ခေါင်းမှ ဖဲပွင့်နှင့်တသွေးတသားတည်း ဖြစ်လေသည်။

မနုတ်သိမ်း မပြုပြင်သော မျက်ခုံးတွေသည် အရင်းတုတ်၍ အဖျားသွယ်ရှူးသည်။ မျက်တောင် ရှည်ရှည် ကော့ကော့နှင့်ဖြောင့်စင်းသော နှာတံနှင့်ထူအမ်းအမ်းနှုတ်ခမ်းနှစ်လွှာသည် ခရမ်းပြာသွေး စိုအိကာနေ၏ ။

ဦးထွန်းတောက်၏ မျက်လုံး ဝေ့ဝဲလာခိုက် အခွင့်အရေးကို စက္ကန့်ပိုင်းကလေးပင် မနှောင့်နှေးအောင် အရယူကာ မိန်းမလှကလေးက လျှောက်လွှာစာရွက်ကို လက်နှစ်ဖက်နှင့်လှမ်းပေးသည်။ သူမ ကိုယ်ကို

ယုံကြည်မှုအပြည့်အဝဖြင့် တွန့်ဆုတ်ခြင်းအလျှင်း ကင်းရှင်းပေသည်။

သူ စာရွက်လှမ်းယူစဉ် သူမ၏ ချွန်ပြရှည်လျားသော လက်သည်းများကို ဦးထွန်းတောက် သတိထားမိပြန်သည်။ သည်လိုလက်သည်းသထားနိုင်သည်ကို ထောက်ချင့်လျှင် အိမ်အလုပ်ကို တကုပ် ကုပ်လုပ်စရာ မလိုသူတစ်ယောက်ဖြစ်မည်ဟု တွေးဆကြည့်နိုင်ပေသည်။

'မှုန်တို့ မနောဟရီ သစ်ခွဲစက်နဲ့ လျှာထိုးစက်က ပါဝါတိုးချဲ့ခွင့်လျှောက်ထားတာ ဇူလိုင်လ ကတည်းကပါ။ ဒါ မိတ္တူပါ။ ခုထိတိုင် ရောက်မလာသေးဘူးတဲ့။ တစ်ဆိတ် စိစစ်ပေးဖို့ပါ'

သူသည် မှုန်ဆိုသူကလေး၏ လျှောက်လွှာကို ဖတ်ရှုနေသည်။

ထွေးမောင်မောင်သည် အလုပ်ကိစ္စတစ်ခု ပြီးပြတ်သွားစေရန် ရည်သန်လျက် ဦးပင်နီ၏ စာရွက်ကို လှမ်းယူလိုက်ရသည်။

'ကျွန်တော့်ဆရာ ရှင်းပြတဲ့အတိုင်းပါပဲခင်ဗျာ။ အထက်က သီးခြားအမိန့်ထွက်ပေါ်မလာဘဲနဲ့ တော့ ကျူးကျော်ရပ်ကွက်ကို မီးသွယ်ခွင့်မရှိပါဘူး။ ဒီအယူခံလအာကို ထားခဲ့ရင်တော့ အလျင် လျှောက်လွှာတွေနဲ့စုစည်းတွဲထားပေးနိုင်ပါတယ်'

'ဟာ.. ထားခဲ့မှာပေ့ါ မောင်၊ ဦးတို့ကလည်း လက်လှမ်းမီသလောက် ဆက်သွယ်ကြိုးစားနေမှာ ပါ'

'ဟုတ်ကဲ့.. ဟုတ်ကဲ့.. ဦး ပြန်နိုင်ပါပြီ'

ပင်နီတိုက်ပုံရှင်သည် ထွေးမောင်မောင်၏ ပြန်ရန်လှုံ့ဆော်မှုကို လက်မခံလိုသေးဟန်နှင့် ဦး ထွန်းတောက်ကို အားထားစွာလှမ်းကြည့်သည်။

ဦးထွန်းတောက်ကား မိန်းမပျိုပြောနေသော လုပ်ငန်းသုံးပါဝါမီတာအကြောင်းကို သတိမရတော့ ပြီ။ တိုးချဲ့ခွင့်။

ခွင့်ပြုမိန့်လျှောက်လွှာတွေသည် နည်းလှသောအရေအတွက်မဟုတ်။ ထို့ကြောင့် သူသည် မိန်းကလေးပေးသော လျှောက်လွှာမိတ္တူကို အပြေးအလွှား မျက်လုံးကစားကာ ဖတ်ကြည့်နေရသည်။

တိုက်ပုံနက်တွင် ရင်ဘတ်တံဆိပ်သုံးခုလောက် တပ်ဆင်ထားပြီး လက်မှာအတက်ချိုကျေ့စ် ကြီးတစ်ခု ကိုင်ဆောင်ထားသောပုဂ္ဂိုလ်ကြီးတစ်ဦး ရောက်ရှိလာပြန်သည်။ အချင်းချင်း အသိအကျွမ်း ဖြစ်လေဟန် ပင်နီသမားက ခရီးဦးကြိုပြုနေရာ ဖယ်ပေးနှုတ်ဆက်ပြီးမှ ထွက်ခွာသွားသည်။

‘ဦးဘနှင်းရဲ့ လျှောက်လွှာကို ကိုယ်တို့တိုင်းရုံးပို့ထားပြီးပြီလား မောင်ထွေး’

ထွေးမောင်မောင်သည် ဦးပဥ္စင်းတို့သားအမိကို ပြန်တရားပြမည် တာစူဆဲ ဆရာ၏ မေးခွန်း ကြောင့် မျက်မှောင်ကြုတ်သွားကာ ပါဝါမီတာ လျှောက်လွှာဖိုင်တွဲကို ရှာဖွေလှန်လှောရပြန်သည်။

‘နေ့စွဲမှတ်မိလား လဲ့မှုန်နှင်း၊ အင်း..ဟို’

တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ တစ်ရပ်တည်းသားချင်းမို့ လဲ့မှုန်နှင်းကို ထွေးမောင် မောင် သိနေသည်။ သိသမျှ လူပျိုဖော်ဝင်စကတည်းက သည်မြို့နယ်၏ အလှပဂေး ဆည်းလည်း ကလေး လဲ့မှုန်နှင်းကို ကျောင်းချင်းမတူပါပဲလျက် တကူးတက သွားကြည့်ရ၊ ငေးမောရ၊ စိတ်ကူးယဉ် အိပ်မက်မက်ခဲ့ရတာ ကလား။ သည်ဆည်းလည်း ကလေးကလည်း အသံထူးကာ ပွဲတင်လွင်မြ ပျံ့နှံ့သည်ပဲ ဆိုပါစို့။ နားမဆင်လိုသူတွေလည်း ပေါများခဲ့ရသည်အထိ ပါပဲလေ။ အင်မတန်မျက်နှာများသည့် မိန်းကလေးပေကိုး။

‘ဇူလိုင်လ ထင်တာပဲ။ လကုန်ပိုင်းပဲတဲ့။ နှစ်ဆယ့်လေးနှစ်ဆယ့်ငါးတစ်ခုခုပဲလို့ ပါပါက မှာတာ ပဲ။ ဒီရုံးက လာစစ်ပြီးသားတဲ့။ မှုန်တို့က ကောင်စီ၊ သစ်တောခွင့်ပြုချက်လဲ ရပြီးသားပါ။

'ဒါပေါ့၊ အဲဒီ အဆင့်တွေ ပြီးမှ ဒီရောက်တာပေါ့။ ရောက်တဲ့ရက်ကို ဦး ဘယ်သူ။ အဲ.. ဦးဘနှင်း ကိုယ်တိုင် လာလိုက်ရင် အတိအကျသိနိုင်တာပေါ့ဗျာ၊ ရှာတော့ ရှာခိုင်းကြည့်မယ်လေ'

ဦးထွန်းတောက် နာရီကြည့်ပြန်သည်။ ပြီးတော့ မျက်နှာချင်းဆိုင်နံရံရှိ သင်ပုန်းသို့ လှမ်းကြည့်သည်။ မြေဖြူနှင့်ကြယ်ပြရေးမှတ်ထားသည်မှာ တိုင်းရုံးအစည်းအဝေး မြေအောက်လိုင်းပေါက်သော ကိစ္စ မြောင်းဖော်တွင်းတူးသော ဌာနများနှင့်ညှိနှိုင်းရန်။

'ပါပါက နေမကောင်းလို့ပါ။ အရင်ကလည်း သူမလာပါဘူး။ မှုန့်အစ်ကိုလာတာ သိမှာပေါ့။ ကိုအောင်မြင့်နှင်းလေး သူ ဆုံးသွားတော့ ဒါတွေလိုက်လုပ်မယ့်သူ မရှိတော့ဘူး'

ဦးထွန်းတောက်ကို ပြောနေရာမှ မှုန်က သူ့ဘက်လှည့်ပြီး မေးပြော ပြောလိုက်တာမို့ ထွေး မောင်မောင် ဆတ်ခနဲခေါင်းညိတ်မိသည်။ အောင်မြင့်နှင်း ရှောင်တခင် ရုတ်တရက်ကွယ်လွန် အနိစ္စ ရောက်ခဲ့ရသည်ကို တစ်စွန်းတစ်စ ကြားသိလိုက်ကြောင်း သူသတိရမိ၏ ။ သွေးကင်ဆာဆိုလား။ ဥပစ္ဆေဒကကံနှင့်တော့မဟုတ်တာ သေချာသည်။

ထိုစဉ်က သူ့သတင်းကြားသိသူတွေသည် အံ့သြခြင်းသည်သာလျှင် နှမြောတသခြင်းထက် ပိုကဲခဲ့ကြခြင်းမှာ သူသည် အိုင်တွေ့လျှင်ခြေဆေးကာ ငွေနှင့်သုတ်သင်သွားလေ့ရှိခြင်းကြောင့် ဖြစ်လေမလား မဆိုနိုင်ပေ။

'ဒေါ်ထားခင်ခင်ကို ခေါ်ပါဦး မောင်ထွေး'

ထွေးမောင်မောင် စီမံဌာနသို့ ထွက်ခဲ့ရပြန်သည်။

စီမံတာဝန်ခံဖြစ်သူ ရုံးအုပ်ဦးဘငွေသည် လက်တစ်ဘက်က ဆယ်ပြားစေ့နှစ်စေ့နှင့် မုတ်ဆိတ် ငုတ်တိုကို ညှပ်နုတ်နေရင်းမှ စာရေးမလေး ဝေဝေ၏ ရှေ့သို့ ယာယီမီတာတပ်ဆင်သုံးစွဲခွင့် လျှောက်လွှာကို

ကျန်လက်နှင့်အရောက် တွန်းပို့ပေးနေသည်။

'ဒါ နာရေးဟ။ အလျှင်လုပ်စမ်း၊ နင့်မလဲ တော်နေထသွား၊ တော်နေ ဧည့်သည်လာ၊ နင့်အဖေ အစည်းအဝေးထွက်မသွားခင် အမီလက်မှတ်ထိုးသွားခိုင်းရမှာ မြန်မြန်ရေး'

ဦးဘငွေ၏ စားပွဲနှင့်ကပ်လျက် လက်ယာဘက်တွင် ဒေါ်ထားခင်ခင်သည် မြို့နယ်အင်ဂျင်နီ ယာရုံးခန်းမှ ပြန်ကျလာသောစာများကို သီးသန့်စိစစ်ခွဲခြားနေသည်။

'အဖေ့အမီ လက်မှတ်လိုချင်ရင် အမေ့ကိုလဲ လောဦးလေ အဘရဲ့'

ဝေဝေက ဒေါ်ထားခင်ခင်ဘက်သို့ မေးငေါ့ကာ နှုတ်သီးကောင်း လျှာသွက် တိုးတိုးနောက် ပြောင်လိုက်ပြီးကာမှ ထွေးမောင်မောင်ကို မျက်လုံးလေးပြူး လျှာကလေးထုတ်ကာ အဲ.. ဆောရီး... ဟိဟိ'ဟု ဆိုလေသည်။

ထွေးမောင်မောင်က ဝေဝေ့ကို လုပ်မျက်စောင်းခဲပြကာ ဒေါ်ထားခင်ခင်အနီးတွင်ကပ်၍ ရပ်လိုက်၏ ။

'ဆရာက ဦးဘနှင်းရဲ့ လုပ်ငန်းသုံးပါဝါမီတာ လျှောက်ထားတဲ့ကိစ္စကို မေးနေတယ် မမ၊ ခဏ လာပါဦးတဲ့'

ထားခင်ခင်မှာ ထွေးမောင်မောင်၏ အစ်မအရင်းခေါက်ခေါက် ဖြစ်လေသည်။ ဆယ်တန်း အောင်မြင်ပြီးနောက် သည်ရုံးတွင် အောက်တန်းစာရေးဝင်လုပ်ရင်း စာပေးစာယူတက်လိုက်၊ ရာထူး တိုးမြှင့်ရေးစာမေးပွဲတွေ ဝင်ဖြေလိုက်နှင့် ယခုလုပ်သက်ရှစ်နှစ်တွင် ဌာနခွဲစာရေးကြီး ဖြစ်နေခဲ့ပြီ။ ဘီ အေ-အီကိုဘွဲ့လည်း ရပြီးခဲ့ပြီ။ နောက်တစ်ကြိမ် လေးရာ့ငါးဆယ်စကေးတွေအခေါ်မှာ လျှောက်ဦးမည် အားခဲထားလေ၏ ။

ဤဌာနခွဲ ထားခင်ခင်၏ အထက်တွင် ဦးဘငွေရှိစေကာမူ

အငြိမ်းစားယူသွားသော မူလစီမံ တာဝန်ခံ၏ နေရာသို့ ပြောင်းရွှေ့လာသည်မှာ မကြာမြင့်လှသေးရကား လုပ်ငန်းသဘောနှင့်နယ်မြေ အနေအထားကို ကျင်လည်နေသော ထားခင်ခင်အစစအခရာ ဖြစ်နေတော့၏ ။

‘ဝေဝေရေ.. ဆရာအောင့်ကိစ္စပြီးရင် ဦးပဥ္စင်းရဲ့ လျှောက်လွှာစာဝင်စာထွက် ပြန်ရှာကြည့်ပါဦး’

ဝေဝေက မှတ်ပုံတင်စာအုပ် လှန်လှောရင်း ထွေးမောင်မောင်မရှိကြောင်း သေချာချောင်းကြည့် ပြီးမှ ‘မန်နေဂျာကလည်း မထားကို အကြောင်းရှာခေါ်ပြန်ပြီ’ဟု စသည်။

‘ဝေဝေနော်၊ အူမြူးမနေနဲ့’ဟု ထားခင်ခင် မာန်မဲလိုက်လေ၏ ။

ထားခင်ခင်သည် စောစောက လဲ့မှုန်နှင်းကို ဖျတ်ခနဲ လှမ်းမြင်လိုက်သော်လည်း တစ်စုံတစ်ရာ အတွေးမပေါက်မိစေပေ။ ယခု လဲ့မှုန်နှင်းကို သူမထံလွှတ်လိုက်ရမည့်အစား သူမလာဖို့ လှမ်းခေါ်လိုက် သောအခါမှသာ မန်နေဂျာသည် လဲ့မှုန်နှင်းနှင့် မည်သို့ပတ်သက်သိကျွမ်းမှုရှိနေပါလိမ့်ဟု တွေးလိုက်မိသည်။

သည်မြို့နယ်မှာတော့ တိုယိုတာစပရင်တာလို ကားတစ်စီးကို တစ်ဦးတည်းမူပိုင် ကိုယ်တိုင် မောင်းနှင်သွားလာနိုင်သော မိန်းမချောဆို၍ လဲ့မှုန်နှင်းတစ်ယောက်သာရှိတာမို့ သူမကို ထားခင်ခင် လည်း သိနေပေသည်။

‘ဟုတ်တယ် မမထား၊ ဦးစံကဲ သွားစစ်ထားတာ ဘဏ္ဍာရေးမှာ ကြွေးကျန်စာရင်း မရှင်းရသေးဘူး’

‘ငါ့ယာယီမီတာလဲ လက်မှတ်ထိုးခဲ့စမ်းပါဦး ထားရဲ့ရော့’

ထားခင်ခင်သည် ရှာဖွေလာသော လျှောက်လွှာနှင့်အတူ ဦးစံကဲ၏ စစ်ဆေးချက်များ တွဲထား သော ဖိုင်တွဲနှင့် ဦးဘငွေအကြိုထည့်လိုက်သော

လျှောက်လွှာတို့ကိုကိုင်ကာ မြို့နယ်အင်ဂျင်နီယာရုံး ခန်းသို့ဝင်သည်။

ဦးပဥ္စင်းသားအမိထွက်ခွာသွားကြပြီး ဖြစ်ရကား အားလပ်သွားသော ထိုင်ခုံတွင် လှဲမှုန်နှင်း ဝင် ထိုင်နေပေပြီ။ ဦးထွန်းတောက်က တိုက်ပုံနက်နှင့်ပုဂ္ဂိုလ်အား အိမ်တွင်းစက်မှုလုပ်ငန်းကို မြို့နယ် ပြောင်းလိုသည့်အတွက် ပါဝါမီတာရရှိရေးကိစ္စကို ဆွေးနွေးနေသည်။

‘ဒေါ်ထားရေ ဦးဘနှင်း ပါဝါတိုးချဲ့လျှောက်လွှာ တိုင်းမရောက်သေးလို့ လာမေးနေတယ်။ ဘယ် အဆင့်မှာ ခေါက်နေသလဲ သိလား’

ထားခင်ခင်သည် လက်ထဲမှ ဖိုင်တွဲကို ပြသလိုက်သည်။ သူမ၏ လက်သည်းများက တိတိရိရိ သေသပ်စွာ ဖြတ်ညှိထားလျက် သဘာဝပန်းနုရောင်သွေး ထ နေ၏။ အိမ်မှာနေလျှင် ဖြန့်ချထားမြဲ ဆံပင်တွေကို ရုံးချိန်မှာတော့ ကလစ်နှင့်ခေါက်တင်ကာ ဆံထိုးယောင်ယောင်ပြုပြင်ထား၏။ မျက်ခုံးကို ဆေးကူကာ မျက်နှာကို ဒေါ်သီသနပ်ခါးမှုန့် ဖုန်ဖုန်ရိုက်လျက် နှုတ်ခမ်းနီလိမ္မော်ပြေပြေဆိုးထားသော ထားခင်ခင်သည် ယဉ်နွဲ့သော ဣန္ဒြေရှင်တစ်ဦးပင်ပေတည်း။

‘ဘဏ္ဍာရေးမှာ ကြွေးကျန်စာရင်းရှင်းဖို့ ခေါ်တုန်းကမလာဘူး ဆရာ၊ အခု လာလက်စနဲ့ လုပ် တော့သွားနိုင်တယ်။ ဒါပေမဲ့ ဟိုဘက်မှာ မီတာကြွေးဆောင်တဲ့လူတွေနဲ့ ရှုပ်နေတယ်။ သွားရင်တော့ သွားကြည့်ဦးပေါ့။ ထားတို့ဆီမှာ ပုံစံဆယ့်ခြောက် ကုန်နေသေးတယ်။ ဘဏ္ဍာရေးမှာ ဖြတ်ခဲ့ရင်တောင် ထားတို့ဆီ တစ်ခေါက်ထပ်လာရဦးမယ်’

လှဲမှုန်နှင်းသည် ထားခင်ခင်အား စူးစူးရဲရဲ ကြည့်နေရင်း သည်စာရေးမ မဆိုးလှဘူး၊ လှသားပဲ ဟု စိတ်ထဲမှ မှတ်ချက်ချနေမိသည်။

‘ဒါဆိုရင် ဒေါ်ထားပဲ မ … အဲ… သူ့ကို ဘဏ္ဍာရေးပို့ပေးလိုက်ပါ၊ ပြီးရင် ခင်ဗျား ဒေါ်ထားဆီမှာ ပုံစံဖြည့်ရမှာ အဲဒါအတွက်

နောက်တစ်ခေါက်လာလိုက်ဦးပေါ့'

မှုန်သည် သူမ၏ နာမည်ကို မေ့မသွားစေလိုသောကြောင့် နေရာမှ ဖြည်းညင်းစွာထ ရင်း…

မှုန့်နာမည် မလှဲ့မှုန်နှင်း၊ ကျေးဇူးတင်ပါတယ်နော်။ မှုန့်ကို သွားခွင့်ပြုပါဦး'

ဦးထွန်းတောက်၏ မျက်လုံးတွေ ဖျတ်ခနဲ ပြုံးရိပ်လက်ကာ ပါးလျားပိရိသော နှုတ်ခမ်းမသိမသာ တွန့်ကွေးလျက် ခေါင်းတစ်ချက်ဆတ်သည်။

မှုန်ကျောခိုင်း၍ သွက်လက်စွာ ခြေလှမ်းသွားခိုက် လှုပ်ရှားသွားသော မှုန့်တင်ပါးဆိုင်များသည် သူ့ရင်ကိုပါ လှုပ်ရှားသွားစေသလား မပြောတတ်နိုင်ပေ။

သူက သူ့အာရုံကို ထပ်ရောက်လာသော ယူနီဖောင်းဝတ်နှစ်ဦးထံ အလျင်အမြန် လွှဲပြောင်းပေး လိုက်ရလေသည်။ အိမ်သစ်တစ်လုံးတွင် အမြန်မီတာ တပ်ဆင်ကြိုးတပ်ပြီး မီးသွယ်ပေးရေးကိစ္စ။ တိုင်းကလည်း အတည်ပြုပြီးသားမို့ သူအမြန်လက်မှတ်ရေးထိုးရလေ၏ ။

'ဟိုက်… ကိုးနာရီ ငါးဆယ့်ငါး ပြသနာပဲ'

အစည်းအဝေးက ဆယ်နာရီ။ ဆယ်နာရီခွဲမှ လူစုံသည်ထား တိုင်းမှူးမရောက်မီ သူ ရောက်နေ သင့်သည်။ ခရီးအကွာအဝေးက အနည်းဆုံး ဆယ့်ငါးမိနစ်။

လက်မှတ်ထိုးစရာတွေကလည်း အထပ်လိုက် ကျန်သေးသည်။

'မောင်ထွေးရေ ကား အသင့်လုပ်ထားခိုင်းစမ်းပါဦး၊ မတတ်နိုင်ဘူး။ ဒါတွေတော့ ပြန်လာမှပဲ ဆက်လုပ်တော့မယ်'

ဦးထွန်းတောက်၏ ရုံးခန်းမှ ထွက်လာကြပြီးနောက် ထားခင်ခင်သည် လှဲ့မှုန်နှင်းအား ဘဏ္ဍာ ရေးဌာနဘက်သို့ လက်ညှိုးညွှန်ပြသည်။

စကားတစ်စုံတစ်ရာမပြောဘဲ လက်ထဲမှ လျှောက်လွှာကို လဲ့ မှုန်နှင်းထံပေးအပ်ကာ သူမ ရုံးခန်းသို့ ပြန်သွား၏ ။

'ဒီမယ်.. ဒီမယ် ကျွန်မက ဘယ်သူ့ဆီ သွားရမှာလဲ'

'ဟိုကျ မေးကြည့်လေ သူတို့ပြောလိမ့်မယ်'

အသံကိုက အေးစက်စက် တိုပြက်ပြက်နဲ့ စာရေးမက လေကြောမာလိုက်တာဟု လဲ့မှုန်နှင်း မျက်နှာသုန်မှုန်သည်။ မပြောလည်းနေပေါ့ဟု မျက်နှာကလေးတင်းကာ တံခါးနှင့်နီးသော စားပွဲတစ်ခုဆီ မျက်စိကစားသည်။

သူမကို မျက်စိစားပွဲထိုင်လေသော အမျိုးသားတစ်ယောက်ကိုတွေ့လိုက်ရသည်နှင့် သူ၏ ထံသို့ တန်းတန်းမတ်မတ် လျှောက်သွားကာ သူမ၏ ကိစ္စကို မေးမြန်းစုံစမ်း၏ ။

'နှစ်ချုပ်စာရင်းရှင်းခါနီး လျာထားဘတ်ဂျက် ပြည့်မီရေးအတွက် မိတာခကြွေးကျန်တွေ တောင်းခံခြင်း၊ မီးဖြတ်ခြင်း၊ ဒဏ်ဆောင်ခြင်း စသည်ဖြင့် သွက်ချာလည်အလုပ်များနေသော ဘဏ္ဍာ ရေးဌာနသည် လဲ့မှုန်နှင်းကို နောက်တစ်ပတ် ခွာချိန်းလေသည်။

'လယ်ဂျာလေးတစ်ချက်လှန်ကြည့်ရုံပဲ မဟုတ်လား၊ ကြည့်ပေးလိုက်ပါလား'

မှုန်တို့သိတတ်ပါတယ်ဟု လဲ့မှုန်နှင်းပြောချင်သည်။ ပြောနေကျစကားမဟုတ်သောကြောင့် ပါးစပ်မှ ချောချောမောမောထွက်မလာဘဲ တစ်ဆို့နေသည်။ သူမသည် ဤအလုပ်တွေကို အစ်ကိုဖြစ် သူ လျင်မြန်ချောမောစွာ လုပ်ကိုင်သွားနိုင်ခဲ့ကြောင်း သတိရကာ စိတ်ဓာတ်ကျချင်လာ၏ ။

လဲ့မှုန်နှင်းပြန်ထွက်လာသောအခါ ခြေသံအတန်ငယ်ပြင်းသွားလေသောကြောင့် စီမံရေးရာ ဌာနမှ

စာရေးမကလေးဝေဝေက ခေါင်းထောင်ကြည့်၏ ။

‘ကိုထွေးရေ စိတ်ကောက်သွားပြီထင်တယ်။ လိုက်ချော့လိုက်လေ’

အင်ဂျင်နီယာရုံးခန်းမှ တိုက်ပုံပခုံးချိတ်၊ ဖိုင်တစ်ထွေ့တစ်ပိုက်ပိုက်ကာ သုတ်သုတ်ပျာပျာ ထွက် လာသော ဦးထွန်းတောက်နောက်ပါးမှ ကပ်လိုက်လာသော ထွေးမောင်မောင်ကို ဝေဝေက ကြံဖန် စကားရှာနောက်သည်။

ထွေးမောင်မောင်ကလည်း ခေတာမဟုတ်။

‘နေဦး.. အိမ်ကျမှ’

ဝေဝေ တခစ်ခစ်ရယ်စဉ် ထားခင်ခင်က မဲ့ပြုံး ပြုံးကလေးပြုံးလေသည်။ သူမက နောက်မှပဲ မောင်ဖြစ်သူကို ဝေဝေနှင့် သိပ်မရောဖို့ သတိပေးမည် တေးထားသည်။

ဦးထွန်းတောက် သူ့ဘီခြောက်ရာ မီးခိုပြာကလေးကို ကားတံခါးသော့ဖွင့်ခိုက် သူ့ကားနံဘေးမှ ဂီကနဲ ဖြတ်တက်သွားသော ကားကိုလှမ်းကြည့်မိသည်။

မျက်နှာသုန်သုန်မှုန်မှုန်မို့ ယခုမှ မှုန်ဆိုသောအမည်နှင့် လိုက်ဖက်ပနံရနေသော လဲ့မှုန်နှင်း သည် တိုယိုတာစရင်တာ အစိမ်းနုကလေးကိုအရှိန်ပြင်းစွာ မောင်းနှင်းသွားလေ၏ ။

‘အား ... အမောင်းကြမ်းလှချည်လား’ဟု ဦးထွန်းတောက်ကရေရွတ်သည်။

‘သစ်စက်နဲ့ မကြီးပွားရင် လေယာဉ်ပျံ မောင်းမလို့တဲ့ ဆရာ’ဟု ထွေးမောင်မောင် အူမြူးစွာ ရွတ်လိုက်ပြန်လေ၏ ။

*

# အခန်း (၂)

လဲ့မှုန်နှင်းသည် ဧကေသုံးမတ် ကျယ်ဝန်းသော သူမတို့ခြံကြီး၏ ရှေ့မျက်နှာစာတစ်ဝက်မျှနေရာ ယူထားသောမနောဟရီသစ်စက်ကို နှစ်ထပ်တိုက် အပေါ်ထပ် ဝရန်တာဆီမှ အားမလိုအားမရ စိုက်ကြည့်နေသည်။ ဝရန်တာအုတ်ရိုးပေါ်ရှိ ပန်းအိုးထဲမှ သစ်ခွတစ်ပွင့်ကို ဆွတ်ချူးခြွေဖဲ့ကာနေ၏ ။

တိုးချဲ့ခွင့်လျှောက်ထားသည်မှာ အောက်ခြေတွင် မလိုအပ်ဘဲ၊ တစ်ဆို့နေ ဆိုင်းဆုတ်နေတာပဲ ဟု ဒေါသဖြစ်နေမိသည်။

သုံးပေလွှဝိုင်း နှစ်ခု ပေါ်ပေါ်ထင်ထင် တိုးချဲ့လိုက်ပြီးလျှင် မနောဟရီသည် သည်မြို့မှာ အကြီးဆုံး၊ အကျယ်ပြန့်ဆုံး သစ်လုပ်ငန်း ဖြစ်သွားနိုင်မည်။

ခုတော့ မြင်းကောင်ရေ နှစ်ဆယ့်ငါးအား ရထားခဲ့ရာမှ ဆယ်ကောင်အား ထပ်ဆင့် တိုးချဲ့လိုတာကိုပင် ခွင့်ပြုချက် မကျနိုင်ဘဲ ကြန့်ကြာနိုင်ပေရဲ့။

သစ်တွေသည် ပါမစ်ရတာ ၊ ဝယ်တာ၊ လေလံဆွဲတာတွေနှင့် ခြံထဲတွင် အတော်ပင် ပုံနေပြီ။ တစ်နေ့ လေးငါးတန်ခွဲနေနိုင်သော စက်၊ ယခု ပေပျဉ်တွေကို တရားဝင် မခွဲရသေးဘဲ ခိုးကြောင် ခိုးဝှက်လုပ်နေရသည့်အတွက် လုပ်ငန်းသည်တွင်သင့်သလောက် မတွင်ကျယ်ပေ။

ဦးဘနှင်းသည် ဂေါ်ရခါး သွေးစပ်ပြီး သူ၏ ငယ်နာမည်မှာ ယ လားလ်မဟာဒူး ဖြစ်လေသည်။ စစ် တပ်ထဲမှ ဒဏ်ရာရ၍ ထွက်လာခဲ့ပြီးနောက် မိတ်ဆွေဖြစ်သူကို ဆရာတင်ကာ သစ်အရောင်းဆိုင်က လေး စ, တည်ခဲ့သည်။ စီးပွားရေးလာဘ်မြင်သော သူသည် ဤလုပ်ငန်းဖြင့် တစ်စစ ကြီးပွားခဲ့လေ သည်။

ဘဝတဏှာပဲဆိုဆို သူ့သားသည် သူ့မျိုးဆက်ဖြစ်လေရာ တနည်းတလမ်းအားဖြင့် သူပုပင်ပဲ မဟုတ်လား။ သူမရှိတော့ ချိန်တွင်လည်း သူဆက်လက် ရှင်သန် လှုပ်ရှားနေဦးမှာပဲ မဟုတ်လား။

ဦးဘနှင်းအနေနှင့် သူ့လုပ်ငန်းကို ပြည်သူပိုင်
အသိမ်းခံလိုက်ရစဉ်ကလည်း အခြေမပျက်ခဲ့။ သုံးလေးနှစ် ထိန်းသိမ်း
ခံလိုက်ရတုန်းကလည်း ပြုံးနိုင်ဆဲ။ သူရှာဖွေ စုဆောင်းထားသမျှ စည်းစိမ်တွေ သည်
သူတို့လင်မယား မျက်နှာလွှဲသွားသည့်တိုင် သားနှင့်သမီး
တစ်သက်လုံးစားမကုန်နိုင်သေး။ သို့ တစေ သားအောင်မြင့်နှင်းသည်
သူ့ခြေရာနင်းကာ မနောဟရီသစ်စက်တည်ပြီး စီးပွားရေး ဈေးကွက်ထဲသို့
အောင်မြင်စွာ တိုးဝင်နိုင်ခဲ့သည်။ တစ်ချိန်က ဖခင်ဖြစ်သူ ဦးဆောင်ခဲ့သော
ပမာဏအတိုင်း တိုးချဲ့နယ်ဆန့်နိုင်ဦးမည့် သား၏ လုပ်ရည်ကိုင်ရည်ကို
သူနှစ်သိမ့်အားရမဆုံးနိုင်အောင် ရှိဆဲအခါ သမယမျိုးမှာမှ
ဘဂအချိုးအကွေ့ဆိုးကြီးသို့ မမျှော်လင့်ဘဲ ဆိုက်ရောက်ခဲ့ရချေသည်။

ကံကြမ္မာလှည့်စားရက်စက်ချိန်ရောက်လာပြီဆိုတော့
သားဖြစ်သူဖြူရော်ရော်နိုင်လှသည်ဟု ဇနီးဖြစ်သူ ဒေါ်ထိုက်ထိုက်က ပြောလာ၍ မှ
မကြာသေးမီ အောင်မြင့်နှင်းအပြင်းဖျားပြီး ဆေးရုံတင် လိုက်ရသည်။
နှစ်ပတ်အတွင်း သွေးတစ်ပုလင်းပြီး တစ်ပုလင်းသွင်းကာ အသက်ဆက်ဖို့ကြိုးစားပါ
သော်လည်း နည်းမျိုးစုံဖြင့် သူရှာဖွေထားခဲ့သောငွေများသည် သူ့သားကို
သေမင်းလက်မှ ရွေးနှုတ်ခြင်း ငှာ စွမ်းဆောင်မပေးနိုင်ခဲ့ပေ။ သူ
ဘုန်းဘုန်းလဲခဲ့ရလေသည်။ လူက ပြန်လည်ပြီး နာလန်ထူလာသေး သော်လည်း
တစ်ပိုင်းတစ်စစီ ပြုတ်ကျပြန့်ကျဲခဲ့သော စိတ်ဓာတ်တွေကား
ဒဏ်ရာဒဏ်ချက်တင်းကြမ်း ထပ်ခဲ့ပြီ။

ဘုရားကျောင်းကန်သည်သာ သူ့ဝေဒနာကို
ကုစားသက်သာစေနိုင်တော့မည်ဟု မျှော်ကိုးလျက် တရားရိပ်ကို ခံမင်လေပြီ။

သူ့သမီးလဲ့မှုန်နှင်းသည် ပြည့်စုံသောဘဂ၊
အလိုလိုက်အကြိုက်ဆောင်နိုင်သော အသိုက်အဝန်း ကြားမှာသာ
သီးခြားနေထိုင်ကြီးပြင်းလာခဲ့ရသည်။ စာကို စိတ်လိုလက်ရရှိမှ

ဖတ်ချင်မှတ်ချင်တတ်ခဲ့သောကြောင့် အသက်နှစ်ဆယ်ကျော်မှာ ဆယ်တန်းအောင်ခဲ့သည်။ တက္ကသိုလ်ရောက်ပြန်တော့လည်း လဲ့မှုန်နှင်းအတွက် အချစ်ကို ဆော့ကစားရာဌာနအဖြစ်ထက် ပိုမလေးနက်ခဲ့ပေ။ သူမ၏ အလှ အပကို သူမဘာသာ မြတ်နိုးကိုးကွယ်ကာ အလှကြိုက်သူပုရိသတို့အား တာရှည်ညှို့ဆွဲထားနိုင်ရန် မက်လုံးပေးပြီး ကြိုးရှည်လှန်ကာ သူ မထားသော ဘောင်အတွင်း စည်းအတွင်းမှာ ရောင့်ရဲမနေဘဲ တစ်ဆင့်တိုးပြီး ပိုင်စိုးချင်သူတို့ကိုတော့ သံယောဇဉ်အကြွင်းအစမချန်ဘဲ မြေလှန်အမြစ်နုတ်ပစ်စမြဲ။

မုဆိုးသည် သားကောင်အဖြစ် စင်းစင်းလဲခဲ့ရသော လဲ့မှုန်နှင်း၏ အသည်းကွဲဇာတ်လမ်း တစ်ခု သည်လည်း လူသိရှင်ကြား ဟိုးလေးတကျော် ဖြစ်ခဲ့သေးသည်။

ချစ်သူက သိက္ခာပြန်ဆယ်လျက် အသိုက်အမြုံကို ထိန်းသိမ်းရင်း နောက်ဆုံးရှောင်တိမ်း သွားသောအခါ ကျားနာမလေးသဖွယ် လဲ့မှုန်နှင်းပို၍ ရမ်းခဲ့ပေသည်။

အောင်မြင့်နှင်း မရှိတော့သည့်နောက်ပိုင်း ဖခင်ကြီးယူကျုံးမရ တသသခံစားနေရသည်ကို မြင် တွေ့နေရသောအခါတွင်မှ လဲ့မှုန်နှင်းသည် စိတ်ကူးစိတ်သန်း ပြောင်းလာသည်။

အစ်ကိုဖြစ်သူ၏ နေရာတွင် အစားဝင်ကာ အစ်ကိုလို ဖခင်အားကိုးအထင်ကြီးသူ၊ မျှော်မှန်းအား ထားသူ၊ ဖခင်၏ အရည်အသွေးဆက်ခံသူ ဖြစ်ချင်လာသည်။ ယခု အချိန်အခါမှာတော့ သူမမှာ အချစ် ခံရတာ ကလွဲပြီး အထင်ကြီးစရာ အားထားဂုဏ်ယူစရာအကွက်တစ်ကွက်ကလေးမှ မပြနိုင်ပါကလား ဟု သူမကိုသူမ အားမရနိုင်ဘဲ ဖြစ်လာ၏ ။

သည်လုပ်ငန်းကို လဲ့မှုန်နှင်းဦးဆောင်မည်ဆိုစဉ်က ဖခင်ဖြစ်သူ ပြုံးလေသည်။ အထင်သေးသော အပြုံးဟုလဲ့မှုန်နှင်းမခံချင်။

ခုတော့လည်း ပထမအကြိမ် ကြိုးပမ်းချက်သည် လျှပ်စစ်ရုံးအောက်ခြေပိုင်းမှာပင်လျှင် မအောင်မြင်နိုင်ပါကလား။

လဲ့မှူန်နှင်းသည် လက်ထဲမှ ပန်းအကြေကို ဂရန်တာမှ ဆတ်ခနဲလွှတ်ပစ်လိုက်သည်။ လဲ့မှူန်နှင်း၏ ဒေါသဒဏ်ကို ခံစားသွားရသောပန်းကလေးသည် မြေပေါ်မြက်ကြားထဲ ဘုမသိဘမသိ လွင့်ကျသွားရှာလေ၏ ။

လဲ့မှူန်နှင်းသည် အပေါ်ထပ်ဧည့်ခန်းကိုဖြတ်ကာ လှေကားအတိုင်း ခပ်သွက်သွက်ဆင်းခဲ့သည်။

ဧည့်ခန်းထဲမှစကားပြောသံကြောင့် ဘယ်သူရောက်နေပါလိမ့်နားစွင့်သည်။

သြော်.. ဦးသာဒွန်းကိုး၊ ဂန်ဒယ်ဟု သစ်စကားနှင့် ခေါ်သောလွှပိုင်းစရာကြီး ဦးသာဒွန်း၊ သူသည် သစ်လုပ်ငန်းတွင် ပို၍ ကျွမ်းကျင်လိမ္မာသည်ဟု အစ်ကိုဖြစ်သူက လက်ရှိ လွှပိုင်းဆရာနှစ် ယောက်အပြင် ထပ်ပြီးခေါ်ငင်ထားခဲ့သူဖြစ်လေသည်။

'မှူန့်ကို ကျုပ်ပြောသားပဲဗျာ၊ သားကြီးဆောင်ရွက်လက်စကိစ္စတွေကို တင်မောင်သိတယ်။ တင် မောင်ပြန်လာရင် ဆက်လုပ်ပါလိမ့်မယ်ဆိုတာ ဆန္ဒစောပြီး သူ့ဘာသာ သွားလေရဲ့။ တစ်ခါတည်း မပြီး ပြတ်ခဲ့တော့ တစ်ယောက်တည်း ဒေါပွ ဒေါသတွေ ထွက်နေပြန်ရော'

ဦးဘနှင်းနှင့် သူ၏ ဂန်ဒယ်သည် လဲ့မှူန်နှင်းကို ကလေးဆိုးသဖွယ် သတ်မှတ်ရယ်မောကာ နေ လေသည်။

'ကျွန်တော့်ကို ကေတုမတီသစ်စက်က လှမ်းခေါ်နေတယ်ဆရာ။ ဆရာ့သစ်စက်မှာ နှုတ်ကွံ့ပြီး နေတယ်ဆရာ၊ ဆရာ့သစ်စက်မှာ နှုတ်ကွံ့ပြီးနေပြီလို့ ငြင်းလိုက်ရတယ်။ လုပ်ငန်းအရှိန်မကောင်းသေး သော ကျွန်တော် အားအားနေတာ

တွေ့ကြတာကိုး’

လှဲမှုန်နှင်း နားထဲတွင် ပါဝါမတိုးချဲ့နိုင်သေးသော စကားပါလာတိုင်း သူမကို ထိခိုက်စော်ကား သလိုချည်းခံစားရသည်။

ဧည့်ခန်းထဲသို့ လှဲမှုန်နှင်းလျှောက်သွားကာ ဖခင်ထိုင်နေသော ဧည့်ခံကုလားထိုင်နောက်မှီ ပေါ် လက်တင်လိုက်သည်။ လက်သည် ရေမြုပ်ထဲအိသွားလေ၏ ။

‘နှုတ်ကျွံရုံမကဘူး၊ တစ်နေ့အစိတ်ယူထားပါတယ်ဆိုတာကိုလဲ ပြောပြလိုက်ဦးမှာပေ့ါ အဘရဲ့’

ဦးသာဒွန်းသည် ဟဲခနဲ ရယ်ရသော်လည်း ရင်ထဲမှာ အောင့်သွားရသည်။ သူကလည်း သူ့ဇာတိ မြို့ရှိ လက်စသစ်စက်တွင် မန်နေဂျာနှင့် အဆင်မချောသဖြင့် ဖောင်ဖျက်ပြီးထွက်ခဲ့သူဖြစ်သည်။

တစ်ချိန်က ဦးဘနှင်း၏ ယောက်ဖ ဒေါ်ထိုက်ထိုက်၏ မောင် မန်နေဂျာဝင်လုပ်စဉ်ကလည်း မတတ်ဘဲ ဩဇာပေးရကောင်းလားဟု အချင်းများကာ သူနှစ်ရှည်လများ တခြားရောက်ခဲ့ပြီးပြီ။ ယခု တစ်ဖန် ဦးဘနှင်း၏ သားကိုတော့ အလုပ်တွဲဖက်လုပ်ကိုင်နိုင်ကောင်းသည်ဟု ယူဆပြီး ပြန်လာကာမှ အောင်မြင့်နှင်းနေရာမှာ သူမ၏ ဦးလေးနှယ် သစ်ဆိုတာကို ကနစိုနှင့် ကျွန်း၊ ပျဉ်းကတိုးနှင့်စစ်ဆေးပင် ခွဲခြားမသိသော လှဲမှုန်နှင်းရောက်လာပြန်ရ၏ ။ သူ့ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ရတော့မလို။

ခက်တာက တကယ်တမ်း ကေတုမတီက တိတိကျကျခေါ်တာလည်း မဟုတ်ပြန်ပေ။ တွဲလုပ် ခဲ့ဖူးသော စက်ဆရာကို ကျွန်တော်တို့သူဌေးက လက်ရှိ ဂန်ဒယ်ကို လာဘ်မမြင်ဘူးဆိုပြီး စိတ်ပျက်နေ တာ၊ ဆရာလုပ်ချင်ရင် မေးကြည့်ဦးမယ်ဟုပြောသော ကြားစကားသာရှိသေးသည်။ ဦးသာဒွန်းက သူ့ ဂုဏ်သူမြင့်ကာ သာသာထိုးထိုး ပြောမိခြင်းမျှသာ ဖြစ်ချေသည်။

'ဟိုဘက် စကြဝဠာက ပြောတော့ ခုလို ခွဲနှင့်လို့လဲရပါတယ်တဲ့၊ တခြားသစ်စက်တွေ အဲဒီ လို လုပ်နေကြပြီး သစ်တောတို့ ကောင်စီတို့လာရင် စက်ရပ်ထားလိုက်ကြတာပဲတဲ့။ ကြိုသတင်းပေးမယ့် လူကို လခနဲ့ငှားထားကြတယ်လို့ ကိုပြည်ဟိန်းက ပြောပြတယ် ပါပါ'

စကြဝဠာ သစ်ခွဲစက်လျှာထိုးစက်သည် ဦးဘနှင်းကိုသည် လောကထဲ လက်တွဲခေါ်ခဲ့သူ ဦးသားစိုး၏ စက် ဖြစ်ခဲ့သည်။ ကွယ်လွန်ပြီးနောက် သူ့တူ မောင်ပြည်ဟိန်းက ဆက်လက်အုပ်ချုပ် ကွပ် ကဲနေသည်။ မောင်ပြည်ဟိန်းကား ဂုဏ်ဒြပ်အလို့ငှာ တက္ကသိုလ်မှ သိပ္ပံဘွဲ့ယူထားကာ တကယ်တမ်း စောက်ချလုပ်ကိုင်နေသည်မှာ သူတို့စကြဝဠာ၌ သာပါပဲ။

'စကြဝဠာက ဟိုတုန်းက မြင်းကောင်ရေ တစ်ရာအားအထွတ် စပေါ်တင်ထားတာ၊ ပြီးတော့ မောင်ပြည်ဟိန်းက ပါးနပ်တယ်။ သမီး..သမီး ဒီခွင်ကို မကျွမ်းကျင်သေးခင်တော့ လက်ရှိ အခြေအနေ အတိုင်းပဲ မေးထားပါဦး သမီးရယ်၊ မောင်သာဒွန်းကလည်း ဒီချောင်းရိုးနဲ့ ကွဲသွားတာ နှစ်နှစ်ဆယ် လောက်ရှိနေပြီ။ ပြန်ရင်းနှီးလာအောင် အချိန်ယူရဦးမှာ မဟုတ်လား မောင်သာဒွန်းရဲ့'

ဦးဘနှင်းသည် အသားဖြူဖြူညက်ညက်နှင့် မျက်ခုံးများသည် နက်မှောင်သန်စွမ်းလှစွာ ကုပ် တွဲလျက် ကျနေသည်။ ကြည်လင်တောက်ပသော မျက်လုံးများသည် ဉာဏ်ပညာကြီးမားဟန် ဖော်ပြ နေသည်။

သူသည် သူ့သမီးနှင့် သူ့လက်ရင်းတပည့်တို့ကြားတွင် ပြေပြေလည်လည် ခင်ခင်မင်မင် ရှိစေချင်လှသည်။

ဦးသာဒွန်းသည် သူ့ဆရာက သူ့ကိုနေရာပေးတိုင်တည်လိုက်သည်ကို ကျေနပ်လှစွာ ခေါင်း ညိတ်ထောက်ခံသည်။

'လုပ်ငန်းရှင်ဟာ လုပ်ငန်းကိုနားလည်ရုံနဲ့ မပြီးသေးဘူး။ သမီး. အဘက်ဘက်မှာ ဆက်ဆံရေး ကောင်းဖို့လိုသေးတယ် သမီးရဲ့။ အုပ်ချုပ်သူ

အဖွဲ့အစည်းနဲ့ရော၊ လုပ်သားတွေနဲ့ရော၊ ဝယ်သူရောင်း သူနဲ့ပါ ပြေလည်မှ၊ ဒါတွေကို မောင်သာဒွန်းကလည်း ဖေးမသွန်သင်ပါကွယ်'

လှဲ့မှုန်နှင်းသည် ဖခင်ကြီး၏ ထိုင်ခုံမှ လက်များကို ဆတ်ခနဲရုပ်သိမ်းကာ အိမ်ရှေ့သံပန်းတံခါး ဆီထွက်ခဲ့သည်။ ကျွန်းတုံးကွက်စိပ်ကလေးများ ဖော်ထားသော ဖိတ်ဖိတ်လက်နေသည့် ကြမ်းခင်းတွင် လှဲ့မှုန်နှင်းအရိပ်သည် လျှင်မြန်စွာ ဖြတ်သန်းထင်ဟပ်သွားလေသည်။

'မှုန်... အပြင်ခဏသွားဦးမယ် ပါပါ'ဟု လှည့်မကြည့်ဘဲပြောရင်း အသင့်တွေ့သည့် ရှေ့ထိုးရာဘာပိုက်ဖိနပ်ကလေးကို စွပ်သည်။

'ဘယ်လဲ သမီးလေး'

အစီအစဉ်ရှိ မထားတာမို့လည်း လှဲ့မှုန်နှင်း လျှပ်တပြက်စဉ်းစားရသည်။

'သိင်္ဂီတို့'ဟု အနီးဆုံးသူငယ်ချင်းအိမ်ကို လက်တန်းဖြေ၏ ။ တကယ်သွား မသွားတော့ လမ်းကျမှ ပြန်စဉ်းစားရဦးမည်။

'အေး..အေး ပါပါ သမီးအမေကို ပြောလိုက်မယ်'

ဆံပင်ဖားလျား၊ အိမ်နေဝတ် ဘလောက်စ်အကျႌ ပွရောင်းရောင်းနှင့် ခပ်ဆတ်ဆတ်ထွက်သွားသော သမီးကို အပြစ်မယူသောအပြုံးဖြင့် ဦးဘနှင်းကြည့်နေရစ်သည်။

'အဲဒါသာ ကြည့်တော့ မောင်သာဒွန်း၊ ဒီလုပ်ငန်းကို သူဦးဆောင်ပါမယ်လို့ မပြောစဖူး အလေး အနက်ပြောလာတာကို အားထားပြီးသားလုပ်ငန်းကို သူဆက်လုပ်ခွင့်ပြုတယ်ဆိုတာ ခင်ဗျားကို ပြော ပြီးပြီးပဲ၊ သူ့ဘဝမှာ ရည်ရွယ်ချက်ဦးတည်ချက်ကလေး တစ်ခုရှိစေချင်တယ်ဗျား ခင်ဗျား နားလည်ပြီး သည်းခံပါ'

တိုတိုတာစပရင်တာအစိမ်းနုကလေးသည် ဆင်ဝင်အောက်မှ

ငြိမ့်ကနဲဖြတ်သန်းထွက်ခွာသွားလေသည်။

'သူ့အမေက အိမ်ထောင်ချထားပေးလိုက်ချင်တယ်၊ အနည်ထိုင်သွားမယ်လို့ သူကထင်တယ်၊ ကျုပ်ကတော့ အထိုက်အလိုက် ရင့်ကျက်လာပြီးမှပဲ အိမ်ထောင်ပြုစေချင်တာပဲ'

ဒေါ်ထိုက်ထိုက်ရည်မှန်းသူမှာ စကြဝဠာမောင်ပြည်ဟိန်း၊ ဦးဘနှင်းကလည်း ကန့်ကွက်ရန် မရှိ ပေ။ သို့တစေ မောင်ပြည်ဟိန်းသည် လှဲ့မှုန်နှင်းကို ဦးဆောင်သွားနိုင်ပါ့မလား၊ အနည်းဆုံး သူတို့ တူယှဉ်လက်တွဲသွားဖြစ်ကြလျှင်ပင် မိဘတွေစိတ်ချလက်ချ မျက်စိမှိတ်နိုင်ကြမှာပဲလေ။

*

# အခန်း (၃)

မိုးတဖွဲဖွဲ ရွာနေသည်။

အရေးကြီးရပ်ကွက်တွင် ထရန်စဖော်မာ လောင်ကျွမ်းသောကြောင့် ဒုလက်ထောက် အင်ဂျင်နီ ယာဦးသော်ကနှင့်အဖွဲ့ သွားနှင့်ပြီ။ သူလည်း မြို့နယ်ကောင်စီရုံးတွင် ညှိနှိုင်းစည်းဝေးပွဲတက်ရာမှ သူ တင်ပြညှိနှိုင်းဖွယ်ရာများကို အတိုချုံးအပြီး သပ်ကာအမြန်လိုက်ခဲ့ရလေသည်။

သူစိတ်လောကြီးနေလျှင် ယာဉ်မောင်းဦးသိန်းတိုး မောင်းနှင်နေခိုက် နံဘေးမှ ထိုင်စီးလိုက်ပါရ သည်ကို အားမရနိုင်။ ယခုလည်း ကားကို သူကိုယ်တိုင် မောင်းခဲ့သည်။

'ဆရာ.. ရှေ့မှာ ဓာတ်တိုင်ကို ကုန်ကားဝင်အောင်းထားပြီး ထင်တယ်'

ဦးထွန်းတောက် လီဗာအနင်းဖော့ကာ ဂီယာပြောင်းလိုက်ရသည်။

လမ်းမပေါ်တွင် ယာဉ်ကြောဆိုင်းတန့်နေကော ဓာတ်တိုင်တစ်တိုင်သည် လမ်းမပေါ် ထက်ပိုင်း ကျိုးကျနေလျက် နံဘေးဓာတ်တိုင်များဆီမှ ဓာတ်ကြိုးတွေသည် တင်းတချို့ ပြတ်တချို့ဖြစ်နေ၏ ။

ကားတွေသည် လမ်းအခြားတစ်ဘက်မှ ကွေ့ပတ်သွားနေရလျက် ယာဉ်ကြောတစ်ခု သွားနေ ခိုက် မျက်နှာချင်းဆိုင်မှကားများ ရပ်တန့်စောင့်ဆိုင်းနေရသည်။

'အီးပီစီက ကားလာပြီဗျို့၊ ဒီတစ်ခါမြန်သားပဲ'

ခေါင်းတွင် သဘက်ပေါင်းကာ စွပ်ကျယ်လက်တိုနှင့် ပုဆိုးတိုတိုဝတ်ထားသောလူကြီးတစ် ယောက်သည် ရပ်တန့်နေသောကားနောက်သို့ အရှိန်လျှော့ကာ ဖြည်းဖြည်းချင်းလိမ့်သွားနေသော ဦးထွန်းတောက်၏ ကားအနီးသို့ လျှောက်လာသည်။

‘ဘယ်လိုဖြစ်တာလဲဗျ’ဟု ဦးထွန်းတောက်က မေးသည်။

အမျိုးသားကြီးသည် ဦးထွန်းတောက်နှင့်ဦးသိန်းတိုးကို တစ်လှည့်စီကြည့်ကာ အကဲခတ်သည်။ ပြီးတော့မှ သေချာတိကျသွားဟန် ဦးထွန်းတာက်ကို ခါးတစ်ချက် ညွတ်ကာ လေးစားသမှုပြုလေသည်။

‘ကုန်ကားကြီး စလစ်ဖြစ်ပြီး ဝင်တိုက်တာဆရာ၊ အောက်ခြေနားကကို ကျိုးကျတာပဲ။ ပြတ်တဲ့ ကြိုးလဲပြတ်လို့ ဓာတ်လိုက်မှာစိုးလို့ ယာဉ်ကြောနဲ့ လူထုကို အတော်ထိန်းနေသတိပေးနေရတယ်’

‘ဌာနကို အကြောင်းကြားပြီးပြီလားဗျ၊ ဘယ်သူအကြောင်းကြားသလဲ’

‘ရပ်ကွက်လူကြီးတွေ ရောက်နေကြပြီဆရာ၊ ဖုန်းဆက်ထားတယ် ပြောတယ်’

ဦးထွန်းတောက် ကားပေါ်မှ ဆင်းခဲ့သည်။

ဦးသိန်းတိုးက လမ်းဘေးတစ်နေရာသို့ ကားရွှေ့ကာ ကားရပ်စရာနေရာ ရွေးချယ်ထိုးဆိုက်ထားလေ၏ ။

ဦးထွန်းတောက် အခင်းဖြစ်ပွားရာအနီး ရောက်ချိန်တွင် မော်တော်ပီကယ်နှစ်ယောက်လည်း ဆိုင် ကယ်နှင့်ရောက်နေကြောင်း တွေ့ရှိရသည်။

ကုန်ကားကြီးကိုတော့ နောက်ရွှေ့ဆုတ်ထားပြီးနှင့်နေပေပြီ။ ကားသမားမျက်နှာမှာ ကင်ပွန်း ရွက်ကလေးလို သေးရှုည်နေရှာ၏ ။

‘မန်နေဂျာရောက်လာလို့ တော်သေးတာပေါ့ဗျာ၊ မဟုတ်ရင်တော့ တစ်ရပ်ကွက်လုံး ဒုက္ခရောက်ပြီ၊ စက်ရုံတွေ အသာထားဦး၊ ည ကလေးတွေ စာမကြည့်နိုင်ရင် ပြဿနာဗျ’

စကားလာပြောသူကို မျက်မှန်းတန်းမိနေသောကြောင့် လူကြီးထဲက တစ်ယောက်ယောက်ပဲဟု သိလိုက်သည်။

ပါတီကလား ကောင်စီကလား ဒါတော့ မသေချာ။ စက်ရုံမှူးတို့ အရာရှိငယ်ပိုင်းကိုလည်း ခုလို ရုံးချိန်းမကုန်မီမှာ အရပ်ဝတ်နှင့်တွေ့နိုင်ခဲ့သည်။ ဘယ်သူဖြစ်ဖြစ် သူပြေပြေလည်လည် ဆက်ဆံရပေမည်။

'ကျွန်တော် လူတွေလာမှ အလုပ်ဖြစ်မယ်ဗျ၊ ရပါတယ်။ ဒီလိုင်းက ပြတ်လို့ မဖြစ်တဲ့ လိုင်းပဲဗျာ'

'ညတွင်းချင်းပြီးအောင် ကျွန်တော်တို့လုပ်ပေးမှာပါ။ ဖုန်းဆက်ထားတာ ကြာပြီလား'

'မိနစ်နှစ်ဆယ် နာရီဝက်တော့ ရှိရောပေါ့ဗျာ'

'ကားတွေက ပျက်နေတာများတယ်ဗျ၊ တစ်ခါထွက်ဖို့အရေး စက်နှိုးမရဖြစ်နေတတ်တယ်။ တစ်စီးကလဲချောင်းဦးရပ်ထွက်သွားနှင့်နေတာ'

'ပြောရင်းဆိုရင်း လာပြီ မန်နေဂျာရေ'

လေ့ကားတစ်စီးရောက်လာသည်။ အုပ်စုမှူးဦးစံကဲနှင့် ဂိုဏ်းစီးဦးရှာကိုးတို့အဖွဲ့ လိုက်ပါလာလေ၏ ။

'ဦးစံကဲရေ၊ ကျွန်တော်ဦးသော်ကတို့အဖွဲ့နောက်လိုက်သွားဦးမယ်။ ဒီမှာတော့ ခင်ဗျားပဲ ကွပ်ကဲထားလိုက်ပါ။ လောလောဆယ်ကြွေသီးတွေနဲ့ နန်းကြိုးကို ဘိုင်းဒင်းဖြုတ်ပြီးထားလိုက်၊ ဓာတ်တိုင်သစ်ပြန်ထူ မပြီးခင် ယာယီပေါ့ဗျာ၊ လိုင်းကြိုးတွေနည်းနည်းအိကျမှာပေါ့ ကိစ္စမရှိပါဘူး၊ အသွားအလာလွတ်နေသားပဲ'

ဦးစံကဲက ကွမ်းတံတွေး ပက်ကနဲထွေးလိုက်သေးသည်။

'ကောင်းပါပြီဆရာ စိတ်ချပြီးသာသွား၊ မီးမပြတ်စေရဘူး။ ဓာတ်တိုင်ထူဖို့လဲ ဆက်တိုက်လုပ် လိုက်ကြမယ်။ လျော်ကြေးကိစ္စလဲ စီစဉ်လိုက်ပါ့မယ်၊ ဟိုက ထရန်စဖော်မာလဲဖို့သာ လိုက်သွားပါ ဆရာ'

ဦးစံကဲက ကားလျှပ်စစ်ရုံးတွင်လုပ်သက် နှစ်ပေါင်းသုံးဆယ်ကျော်ပြီမို့ အလုပ်ခွင်မှာတော့ ကျွမ်းကျင်စိတ်ချရသည်။ ဦးထွန်းတောက် သတိထားမိသည်မှာ သူသည် အသက်ကြီးလာသော ကြောင့်ပဲလား၊ ငယ်ကျင့်ပေပဲလားတော့မသိ။ ဟိုလူသည်လူအကြောင်း စပ်စပ်စုစု ပြောတတ်လှသည်။ ပုံစံအားဖြင့် ဦးသော်က၏ သမီး လင်နောက်လိုက်ပြေးသည်ကို ပြန်သိမ်းထားရကြောင်း၊ အပျို ကြီးဒေါ်သောင်းနု၏ ငယ်ရည်းစားသည် မော်တော်မှောက်၍ သေဆုံးသွားခဲ့သောကြောင့် ယနေ့တိုင် ပြန်လမ်းမရှိသာ မြစ်ဇရာသီချင်းကိုကြားလျှင် မျက်ရည်ကျဆဲဖြစ်ကြောင်း၊ ထားခင်ခင်သည် မိဘနှစ်ပါး ကွယ်လွန်ပြီးနောက် မောင်နှမနှစ်ယောက် အဒေါ်အပျိုကြီး၏ အရိပ်အာဝါသတွင် မှီခိုကာ အလုပ်လုပ် ရင်း ထွေးမောင်မောင်ကို ကျောင်းထားပြီး တစ်ဖက်ကလည်း စာပေးစာယူအားဖြင့် ဘွဲ့ယူခဲ့ကြောင်း စသည်စသည် အလုပ်နှင့်မပတ်သက်သော ဦးထွန်းတောက်နှင့်လည်း မစပ်ဆိုင်သော အနည်းဆုံး မစပ်ဆိုင်ဘူးဟု ယုံကြည်ရသော အကြောင်းရင်များ၊ ဘဏ္ဍာရေးမှူး မကြာခဏခွင့်ယူတတ်တာ မောင် အောင်စိန်ခိုင်းလိုက်လျှင် မတိကျသော၊ မီတာဖတ်စာရေးအချို့မမှန်ကန်တာ၊ ဒါတွေလည်း ပါတော့ ပါတတ်လေသည်။ ယင်း အပြစ်အနာအဆာကို လျစ်လျူရှုကာ သူ့ကိုတော့ ဦးထွန်းတောက် အားထား ရစမြဲ။

ဦးထွန်းတောက်သည် လျှပ်စစ်လုပ်သားများကို ကားရပ်ကာ ကားပေါ်ပြန်တက်မောင်းထွက်၏ ။ ကားသည် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်လိုက်၊ ရှောရှောရှူရှူ ထွက်သွားလိုက်နှင့်

'ဆီထဲ ရေပါပြီဆရာ။ ဆီကုန်ခါနီး လာရင် အဲဒီ လိုဖောက်တော့တာ'

ဦးသိန်းတိုး ပြောရင်းဆိုရင်းတစ်နေရာတွင် ကားထိုးရပ်သွားသည်။

ကားသည် ဆက်မထွက်တော့။ ဦးထွန်းတောက် မျက်လုံးပြူးပြီး အလျင်လိုကာမှ အထစ်ထစ် အငေါ့ငေါ့ဖြစ်မှ ဖြစ်ရပလေ...

ဦးသိန်းတိုး ကားပေးမှဆင်းကာ ကားခေါင်းဖွင့်ပြီး ဓာတ်ဆီစုပ်ထုတ်၏ ။ ပါးစပ်ထဲမှ ဆီဝေ့သော ရေကို လက်ခုပ်တွင် ထွေးထည့်ပြသသည်။

မိုးသည်းလာသည်။ မိုးနှင့်ဓာတ်ဆီထဲက ရေတို့ ရောထွေးဆတိုးလာလေသည်။

နှစ်ယောက်သား ခရီးဆက်ပြန်သည်။ တစ်ဖာလုံလောက်သွားပြီး ကားရပ်ပြန်သည်။ ဦးသိန်းတိုး မိုးရေထဲဆင်းရပြန်၏ ။

'ဆရာ… ကားပေါ်ပဲ နေလေ၊ ကျွန်တော် လုပ်ပ့ါမယ်'

သို့သော် စိတ်မရှည်နိုင်သော ဦးထွန်းတောက်သည် ဦးသိန်းတိုး ဓာတ်ဆီစုပ်သည့်နံဘေးသို့ လာရပ်၏ ။

ကားအစိမ်းနုကလေးတစ်စီးသည် သူတို့ကားနံဘေးမှ ဝိုးခနဲဖြတ်သန်းကျော်တက်သွားလေ သည်။

သူကား ကားဆီသာ သဲသဲမဲမဲ အာရုံစိုက်နေ၏ ။

'ခင်ဗျား စက်နှိုးချေဗျာ။ ကျွန်တော် ဆီအုပ်ပေးမယ်'

ဦးသိန်းတိုးသည် ကားပေါ်ပြန်တက်ရပြန်သည်။ စိမ့်ချမ်းလာသဖြင့် အနွေးဓာတ်ကလေးကို တောင့်တမိလာ၏ ။

ရှေ့တူရူမှ ကားတစင်း ပြန်ဆုတ်လာကာ နံဘေးတွင် တုံ့ခနဲထိုးဆိုက်သည်။ ဦးသိန်းတိုး လှည့် ကြည့်မိ၏ ။

တိုယိုတာ စပရင်တာ အစိမ်းနုကလေး

'မန်နေဂျာကြီး ကား ဘာဖြစ်လို့လဲ'

ကားမောင်းလာသူမိန်းကလေး၏ အသံကြားမှပင် မျက်မှောင်ကြုတ်ကာ ကားတွင်သာ အာရုံစူး စိုက်နေသော ဦးထွန်းတောက် ခေါင်းမော်ကြည့်သည်။

‘ဩော်.. လဲ့မှူန်နှင်း’

လဲ့မှူန်နှင်း၏ မျက်လုံးတွေသည် ကျေနပ်ခြင်းဖြင့် ရွှန်းရီသွားသည်။ လဲ့မှူန်နှင်းကို လူသာမက နာမည်လည်း သူမှတ်မိပေတာပဲ။ လဲ့မှူန်နှင်းကလည်း ယောကျ်ားမှန်လျှင် သူမအလှတွင် ကျဆုံးအရှုံး ပေးရမည်ဟု ယူဆစမြဲဖြစ်သည်။

‘ဆီထဲ ရေပါနေလို့ မောင်းမရဖြစ်နေတာ၊ ကျွန်တော့်မှာ ထရန်စမော်မာတစ်လုံး ပြန်တပ်ဖို့ အလျင်လိုတာမှပဲ လမ်းမှာလည်း ဓာတ်တိုင်လဲနေတာနဲ့ ကြုံနေလို့ ကြန့်ကြာခဲ့ရသေးတာ’

‘ဟုတ်တယ်.. ဟုတ်တယ်၊ မှူန်တွေ့ခဲ့တယ်၊ အခု ဘယ်ဆက်သွားရမှာလဲ၊ မှူန် လိုက်ပို့မယ်လေ’

ဦးထွန်းတောက်သည် မငြင်းဆန်ဘဲ လဲ့မှူန်နှင်း၏ ကားဆီသို့ လျှောက်သွား၏ ။ လဲ့မှူန်နှင်း တံခါးဖွင့်ပေးသောရှေ့ခန်းတွင် ဝင်ထိုင်မည်ပြုတော့မှ သတိရကာ ဦးသိန်းတိုးဆီသို့ ပြန်လျှောက်လာပြန်သည်။

ဦးသိန်းတိုးသည် သွားပါဆိုသော သဘောဖြင့် လက်ပြ၏ ။ အလုပ်အတူလုပ်ရသည်မှာ လပိုင်း သာရှိသေးသော်လည်း သူ့ဆရာ၏ အလုပ်တွင် စိတ်စောလွန်းမှုကိုတော့ သူ ယုံမှားသံသယမရှိအောင် ပင် နားလည်နေခဲ့ပေပြီ။

‘ကျွန်တော် ကားပြင်ပြီး လိုက်လာမယ်ဆရာ၊ စိတ်ချလက်ချသာ သွားနှင့်’

သည်တော့မှ သူ ကားပေါ်တက်သည်။

လဲ့မှူန်နှင်းသည် စိုရွှဲလျက်ရှိသော ဦးထွန်းတောက်၏ ဦးခေါင်းကို ကြည့်ကာ ခစ်ခနဲ ရယ် သည်။

လူချင်းမရင်းနှီးလှသေးဘဲလျက် အကျွမ်းတဝင်ပြုခြင်းဖြစ်သော်လည်း ဦးထွန်းတောက်သည် အတန်ငယ်ပြောင်သော သူ့နဖူးကို လက်နှင့်စမ်းရင်း

ရှက်ရွံ့သွားခြင်းမရှိဘဲ သက်တောင့်သက်သာ ဟဲ ခနဲရယ်သည်။ ဤသည်ပင်လျှင် ကျွမ်းဝင်ခြင်း၏ လမ်းစဟု ဆိုရလေမလား။

သူတို့နှစ်ယောက်သည် နှစ်ပေါင်းများစွာက သိကျွမ်းလာသော ငယ်ပေါင်းများစွာပမာ တရင်း တနှီး ဖြစ်သွားကြလေ၏ ။

'လွဲမှုန်နှင်း ဘယ်သွားမလို့လဲ'

'ဒီလိုပဲ ကားလျှောက်မောင်းတာပါ။ ဘယ်ရယ်မဟုတ်ပါဘူး။ ဒါကြောင့် ကြည့်ပါလား၊ အိမ်နေ အဝတ်ကြီးနဲ့၊ မန်နေဂျာကြီးကကော ဘယ်လဲ'

'ထရန်စဖော်မာတစ်လုံး မီးလောင်လို့ဗျာ'

ဦးထွန်းတောက်သည် လေတွင်တဖဲဖဲလွင့်နေသော ဆံယဉ်စများနှင့် မပြုမပြင်ပင်ကိုချောမွေ့ သူကလေးကို ယခုမှ သေချာကြည့်အားသည်။ သူသွားလိုရာ ခရီးသို့ ဦးတည်အသော့နှင်နေပြီမို့ စိတ် ချမ်းသာသွားသောကြောင့်လည်း အာရုံပြောင်းနိုင်ခြင်းဖြစ်လေသည်။

'ကိုယ်တိုင် သွားတယ်ဆိုတော့ အရေးကြီးလို့ပေါ့နော်'

'ဟုတ်တယ်၊ မဖြစ်သင့်တဲ့ကိစ္စပဲ၊ တစ်လုံးကို တန်ဖိုးက မနည်းဘူးခင်ဗျ'

လွဲမှုန်နှင်း၏ ပါးလွှာသော အိရှုန်ဘလောက်စ်ပန်းနုရောင်သည် ပွယောင်းဖားလျားသော ကြောင့်သာ တော်တော့လျက် ယင်းသို့မဟုတ်လျှင် အတွင်းမှ လက်တစ်လုံးသာသာ ယိုးဒယားဘရာ စီယာသို့ တင်းတင်းလင်းလင်း အရှင်းသားမြင်သာနေပေမည်။

'ဒါဖြင့် ဘာလို့လောင်ရတာ လဲဟင်'

'သုံးစွဲအားက များနေတော့ ဖြစ်ကြီးကြီးထည့်ပေးထားရတယ်။ ဖြစ်မှာပဲလို့ သတိပေးတဲ့ကြား က လောင်တာ။ အိုစီပီကျရင် ပရိုဖြုစ်ပြတ်ပြီး ရပ်ရုံပဲ။ လောင်တယ်ဆိုတော့ တိုင်းထဲ ကြေးနန်းပို့၊ အလုံကနေ တစ်လုံးယူလဲ၊ အပျက်ကို

အလုံပို့၊ ရှုပ်ကိုရော'

ကားလီဗာကို နင်းကာ ဘရိတ်ပေါ် တစ်ဘက်မှေးတင်ထားသော သူမ၏ ခြေထောက်များတွင် ဖိနပ်မပါဘဲ ရှေ့ထိုးပိုက်ရာဘာဖိနပ်ကလေးကို ချွတ်ထားလေသည်။

ပန်းရင့်ရောင် ခြေသည်းချွန်များကို အသည်းယားစွာကြည့်မိလျက် တဖြည်းဖြည်း အထက်ဘက် တက်ရွေ့လာသော မျက်လုံးများသည် လဲ့မှုန်နှင်း၏ နီညိုရောင် ပိုးပျော့ထဘီနက်မှ တင်းရင်း ရှည်သွယ်သော ပေါင်တံများဆီတွင် ခေတ္တတုံ့ဆိုင်းပြီးမှဖျတ်ခနဲ လဲ့မှုန်နှင်း၏ မျက်နှာဆီ ပြန်ရောက်လာလေ၏ ။

'ဘာလို့ ဖိနပ်စီးပြီး မမောင်းတာလဲ'

'ဟင်း..ဟင်း.. ချွတ်ထားမှ အားရတယ်လေ။ ဖိနပ်ကြားခံနေရင် စိတ်ထဲမှာ မှန်းသလောက် မသေချာသလိုပဲ'

ဦးထွန်းတောက်သည် လဲ့မှုန်နှင်းကားကို ကျင်လည်စွာမောင်းနှင်နေပုံကို သဘောကျစွာ ကြည့် နေမိပြန်သည်။

'လဲ့မှုန်နှင်းက အတော်ကျွမ်းတာပဲ'

'ပါပါက မှုန် ဆယ့်နှစ်နှစ်သမီးကတည်းက သင်ပေးထားတာ မန်နေဂျာကြီးရဲ့။ အို.. မန်နေဂျာ ကြီးလို့ခေးရတာ တစ်မျိုးကြီးပဲ၊ မှုန်က လေးစားသမှုနဲ့ခေါ်ချင်တာပါပဲ။ ဒါပေမဲ့ မြန်မာလဲ မဆန်ဘူး နော်... ဟို..ခုနက ဒရိုင်ဘာကြီးလိုပဲ ဆရာလို့ခေါ်မှ ထင်တယ်'

'နာမည်ခေါ်ပါ။ ခေါ်နိုင်ပါတယ်၊ ကျွန်တော့်နာမည် ထွန်းတောက်'

'ဦးထွန်းတောက်လို့ ခေါ်ရမယ်လား၊ အိမ်နာမည် မရှိဘူးလားဟင်'

'အိမ်မှာတော့ အဖေက ထွန်းတောက်လို့ခေါ်တာပဲ'

'ကိုကိုလို့ ခေါ်ကြတာပေါ့၊ အဲ..ဟို သူတို့က ကျွန်တော့် ညီတွေ

ညီမတွေကိုး’

လဲ့မှုန်နှင်းသည် မျက်နက်ကလေး ထောင့်ကပ်ကြည့်ကာ မချိုမချဉ်ပြုံးသည်။

‘မှုန်ကလဲ ဦးထွန်းတောက်ထက် ငယ်တာပါပဲ။ ဒါပေမဲ့ ရပါတယ်။ ဦးထွန်းတောက်လို့ပဲ ခေါ်ပါ့မယ်။ မှုန်ကိုလဲ မှုန်ပဲခေါ်နော်’

ဦးထွန်းတောက်သည် ဤနုငယ်သော သွက်လက်သောမိန်းကလေးကို ကြောက်လန့်ရမည် လား၊ ခင်မင်ရမည်လား။ မဝေခွဲတတ်နိုင်။

‘ဦးထွန်းတောက်တို့မှာ မောင်နှမ ဘယ်နှယောက်လဲဟင်’

‘ငါးယောက် ခင်ဗျ’

‘အကြီးဆုံး..’

‘ဟုတ်တယ်၊ ကျွန်တော့်အောက်က ညီက အီးမေဂျာအောင်ပြီး နိုင်ငံခြားရေးရုံးမှာ လုပ်နေပြီ။ ညမအကြီးက လော ပြီးသွားလို့ ချိန်ဘာဆင်းပြီ။ သူ့အောက် ညီမတွေနှစ်ယောက်လုံး အီကိုမှာ’

‘အများကြီးဆိုတော့ ကောင်းတာပေ့ါနော်’

‘ဆိုပါတော့ တာဝန်တော့ ကြီးတာပေ့ါလေ။ မေမေဆုံးသွားပြီးတဲ့နောက်ပိုင်း ဖေဖေနဲ့ ကျွန်တော်ပဲ ဆက်ကြည့်နေရတာ ’

သူ့ကိုယ်သူ လူပျိုကြီးမှန်း လူလွတ်မှန်းသိအောင် သွယ်ဝိုက်ကြေညာသည်။

‘ဒါကြောင့် လူပျိုကြီးဖြစ်နေတာ’

တကယ်တော့လည်း လဲ့မှုန်နှင်းက သူ့ကိုလူပျိုကြီးမှန်း သိနေပေသည်။

‘ဆိုပါတော့’

မမေမီ ငယ်ချစ်က ကျောင်းမှာတစ်လျှောက်လုံးတွဲလာပြီး ဘွဲ့ကိုယ်စီရကာမှ မိဘပေးစားသူကို ယူသွားတာတွေဘာတွေအထိ ပြောပြလောက်အောင်တော့ သူနှုတ်စအာစ မချောင်ပေ။

'မောင်နှမများတာကောင်းတယ် ဦးထွန်းတောက်ရဲ့၊ မှုန်တို့က နှစ်ယောက်တည်း။ အခု ကိုကို ဆုံးသွားတော့ မှုန်တစ်ယောက်တည်း ကျန်ရစ်တော့တာ'

'ဘာဖြစ်လို့ ဆုံးသွားတာလဲ ကြာပြီလား'

'တစ်လပဲရှိသေးတယ်။ အက်ကျူ့(ရ်)လူကီးမီးယားတဲ့။ လူများတွေလဲ မြန်တော့မြန်ပေမယ့် ကိုကိုကတော့ ဖြစ်တာရယ် သိတာရယ် နှစ်ပတ်ပဲခံတယ်။ ဝေဒနာတော့ ကြာကြာမခံရဘူးပေါ့လေ။ ကင်ဆာဆို ကုလို့မှ မရတာ ပဲ'

မှုန်၏ မြူးကြွသွက်လက်သော စကားသံကလေး နွေးကွေးတုံ့ဆိုင်းသွားသည့်အတွက် သူ ကရုဏာသက်မိကာ စကားလှီးလွှဲပြောရတော့သည်။

'မှုန် တနင်းလာနေ့ လာမယ်မဟုတ်လား၊ အဲဒီ နေ့ ငွေသွင်းပြီးတာနဲ့ ကျွန်တော် တိုင်းတင်ပေး လိုက်မှာပါ'

'ဟိုရောက်ဖို့လိုတာပါပဲ ဦးထွန်းတောက်ရယ်၊ ဟိုမှာ မကြာပါဘူး'

'မှုန်တို့ သစ်စက်နာမည် ဘာတဲ့.. ရွှေဗိမာန်'

မှုန် အူလှိုက်သည်းလှိုက် ရယ်တော့သည်။

'မနောဟရီပါနော်၊ ကြုံကြုံဖန်ဖန် ရွှေဗိမာန်တဲ့၊ ဟာဟ ရွှေဗိမာန်က ရုပ်ရှင်ရုံ'

'ကျွန်တော်လဲ ရောကုန်ပြီဗျာ၊ အသက်လည်း ကြီးလာပြီလေ၊ မေ့ကုန် ရှုပ်ကုန်တာပေါ့'

မှုန်သည် မျက်လုံးကလေး ထောင့်ကပ်ကြည့်ကာ ပြုံးစစလုပ်သည်။

‘အံမယ်.. ဘယ်လောက် အသက်ရှိဦးမှာလိုက်လို့၊ မှုန့်ထက် ကြီးလှ ငါးနှစ်၊ ခြောက်နှစ်ပေ့ါ။ မှုန်က နှစ်ဆယ့်သုံးနှစ်၊

‘ကျွန်တော် အဲဒီ လောက်ပဲ နုသလား၊ မှုန့်ထက် ဆယ်နှစ်ကြီးတယ်’ဟု ဦးထွန်းတောက် ရယ်မောနေသည်။

‘ဟင်.. ဦးထွန်းတောက် အသက်သုံးဆယ့်သုံးပေ့ါနော်။ မှုန်က နာမည်ကြီး ခေါ်ခေါ်နေတာ ရိုင်း နေပါပြီ။ ညီ... ညီမ တွေနာမည်က ဘယ်လိုခေါ်လဲဟင်’

မှုန်က အဆက်အစပ်မရှိ မေးမြန်းလိုက်သည်။

ဦးထွန်းတောက်ကတော့ သူ့ညာဉ်အတိုင်း ထွေထွေရာရာမစဉ်းစား။

‘ညီက သူရိန်၊ ညီမတွေက ဥမ္မာ၊ သီတာ၊ ပြီးတော့ ပုလဲ၊ သီတာက မှုန်နဲ့ရွယ်တူပဲ’

‘သီတာတို့လိုပဲ မှုန်လဲ ကိုကိုလို့ ခေါ်လိုက်တော့မယ်’

ဦးထွန်းတောက်သည် မှုန်ဘက် စောင်းငဲ့ကြည့်မိသည်။

မှုန်က သူမ၏ ဟန်အတိုင်း မျက်ဆန်ကလေး ထောင့်ကပ်ကြည့်ကာ မထိတထိ ပြုံးနေသည်။

သူ့ရင် လှိုက်ခနဲ ခုန်နွေးလေ၏ ။

‘ကိုကို့ညီကကော အတူနေတာပဲလား’

‘အဆောင်နေတယ်၊ စိတ်ကူးရရင်လဲ အိမ်မှာလာလာနေတာပါပဲ’

လှပသော မှုန့်ထံမှ ရှယ်နယ်နံ့ပါတ်ငါးရနံ့ကို တသင်းသင်းရှူရှိုက်ရင်း ကားလမ်းနံဘေး စိမ်းလဲ့ သော လယ်ကွင်းတွေကို ပြည့်စုံရောင့်ရဲစွာ

ပေးကြည့်သည်။

ကုက္ကိုလ်ပင်ကြီးတွေသည် မိုးစက်တွေနှင့် နှုတ်ဆက်ထိတွေ့ရင်း ပတ်ချာလည် ကျန်ရစ်နေကြချေ၏ ။

*